မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၁၀)

ဓမ္မစရိယာစ တံ မင်္ဂလ မုတ္တမံ

တရားတော်နှင့်အညီ ကျင့်ကြံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

■ **အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ထိုင်းနိုင်ငံ ချစ်ကြည်ရေးခရီးမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် မေ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီးနောက် ယနေ့ညနေ ၄နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✱

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးဟာ ယနေ့တိုင်းရင်းသားပြည်သူအားလုံးရဲ့ အမျိုးသားရေးတာဝန်ဖြစ်တယ်ဆိုတာ အလွန်ပင် သိသာထင်ရှားနေပါပြီ။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း၊ မိမိတို့ရဲ့ အနာဂတ်ကို မိမိတို့ကိုယ်တိုင် ဖန်တီးလိုသူတိုင်း အခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ထောက်ခံမဲပေးရတဲ့ အဓိပ္ပာယ်ကို သိရှိနားလည်ကြမယ်လို့ ယူဆပါတယ်။

ကျော်မင်းအေး၏ဆောင်းပါး စာ-၁၀

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၂ ရက်)

နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက် အောင်မြင်ရေး ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍ တိုးမြှင့်ဖော်ဆောင်

မေလ ၁ရက် အလုပ်သမားနေ့သည် အလုပ်သမားများ၏ စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ပြသသောနေ့ ဖြစ်သည်။ မြန်မာအလုပ်သမားကြီးများ၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့သည် သမိုင်းတွင် မှတ်ကျောက်တင်နိုင်ခဲ့ပြီ ဖြစ်သည်။

၂၀၀၈ခုနှစ် မေလ၁ရက်နေ့တွင် ကျရောက်သည့် အလုပ်သမားနေ့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သဝဏ်လွှာပေးပို့ရာတွင် အလုပ်သမားကြီးများ၏ ကိုယ်စားလှယ်များ ကိုယ်တိုင်ပါဝင်သော အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ရေးဆွဲထားသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုရေးအတွက် ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည် ဟူ၍ ဖော်ပြပါရှိသည်။

နိုင်ငံတော်၏ မှန်ကန်သောဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုစည်းညီညွတ်စွာ လက်တွဲပူးပေါင်းဆောင်ရွက်မှု၊ ကာယဉာဏ အလုပ်သမားကြီးများ၏ အားထုတ်ကြိုးပမ်းမှုကြောင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီစက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များ၊ စက်မှုနယ်မြေများ တိုးချဲ့တည်ဆောက်ခြင်းနှင့်အတူ လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တု စသည့် ကုန်ထုတ်လုပ်မှုကဏ္ဍများ တိုးချဲ့ခြင်း၊ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းတို့ကြောင့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားလာစေရေး နယ်မြေဒေသအလိုက် စက်ရုံ၊အလုပ်ရုံများ ထူထောင်လျက်ရှိရာ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကုန်ထုတ်လုပ်မှု နည်းပညာသစ်များ တိုးပွားနေပြီဖြစ်သည်။

တစ်ချိန်တည်းပင် ကာယ၊ဉာဏ အလုပ်သမားကြီးများ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို အပြည့်အဝ ခံစားနိုင်စေရန် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တက်ကြွစွာ ပူးပေါင်းဖော်ဆောင်မှုကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီး၌ အောင်မြင်မှုအသီးအပွင့်များ ဖြစ်ထွန်းလျက်ရှိရာ စီးပွားရေးစီမံကိန်း ရည်မှန်းသည်ထက် ပိုမိုတိုးတက်အောင်မြင်အောင် အလုပ်သမားထုကြီးတစ်ရပ်လုံး ဆက်လက်ပါဝင် ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အလုပ်သမားထုကြီးအနေဖြင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများ သွက်လက်မှန်ကန်မြန်ဆန်ရေးတို့ကို အမျိုးသားရေး အကျိုးစီးပွားနှင့်ယှဉ်၍ ကြိုးပမ်းဖော်ဆောင်ရင်း နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များ ပေါက်မြောက် အောင်မြင်အောင် ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၃ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ရိပ်သာယောဂီဆောင် ဆောက်လုပ်ရန်အတွက် မန္တလေးမြို့ မဟာဇေယျာဘုံရပ် အကွက်အမှတ် ၇၉၈နေ အဖဦးဘညာဏ်၊ အမိဒေါ်ဖွားစောတို့အားရည်စူး၍ သမီးများဖြစ်ကြသော ဒေါ်တင်တင်ဝင်း၊ ဒေါ်ချိုချို၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ရီရီဝင်း ညီအစ်မတစ်စုက ငွေကျပ်တစ်သိန်းငါးသောင်းလှူဒါန်းရာ နာယက ဦးအေးကိုနှင့် ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်တို့က လက်ခံယူစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် လေးထပ်ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက် ဆောက်လုပ်ဆဲဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ဒေါ်သန်းညွန့်မိသားစု အင်ကြင်းစားသောက်ဆိုင် ကျောက်တံတားက ငွေကျပ်တစ်သိန်း၊ ဦးကျော်ဝင်း-ဒေါ်ယဉ်ယဉ်အေးမိသားစု လမ်းမတော်က ငွေကျပ်တစ်သိန်း၊ ဒေါ်ရီ၊ သမီး ဒေါ်သီတာ၊ သားသမီး၊ မြေးတစ်စု တာမွေက ငွေကျပ်တစ်သိန်း၊ ဦးထွန်းမြင့်၊ သား ကိုအံ့ထူးနိုင်၊ ကိုသီရိမောင်မိသားစု တောင်ဥက္ကလာက ငွေကျပ်သုံးသိန်း၊ ဦးတင်လှ- ဒေါ်မြမြမိသားစု ကန်တော်လေးက ငွေကျပ်တစ်သိန်း၊ ဦးမျိုးမြင့်-ဒေါ်မြင့်မြင့်ဌေး လှိုင်မြို့နယ်က ငွေကျပ်နှစ်သိန်း၊ ဦးထွန်းလှဖေ-ဒေါ်ရွှေစိန်မိသားစု မင်္ဂလာတောင်ညွန့်က ငွေကျပ်တစ်သိန်း၊ ဦးမျိုးမြင့်-ဒေါ်ခင်မာမာမိသားစု မရမ်းကုန်းက ငွေကျပ်တစ်သိန်းနှင့် ဦးဖေလှိုင်-ဒေါ်ဌေးခင် ပုဇွန်တောင်က ငွေကျပ်သုံးသိန်း အသီးသီးလှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂-၅-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၁၅	၄။	မဟာဂီတချိုကြည်မြ
၄:၂၀	၅။	မျိုးချစ်တပ်မတော်
၄:၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄:၄၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၈။	အမျိုးသားရေးတေးကဗျာ
၅:၀၀	၉။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၄။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သော၅ကမ္ဘာ** (အပိုင်း-၉)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာဓား** (အပိုင်း-၁၅)

နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များအောင်မြင်ရေး ပြည်သူတစ်ရပ်လုံး တစ်ခဲနက် ပူးပေါင်းဆောင်ရွက်

ရန်ကုန် မေ ၁

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါသည် ဧပြီ ၃၀ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဒလ-တွံတေး ကားလမ်းရှိ သီရိဇေယျနော်ရထာခန်းမတွင် ကျင်းပသည့် ဒလမြို့နယ်ရပ်ကွက်အသီးသီးမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒလမြို့နယ်အတွင်းရှိ သမ္မတကမ်းခြေ၊ အံကြီးအရှေ့၊ အံကြီးအနောက်၊ မြို့မ(၁)ရပ်ကွက်၊ မြို့မ(၂)ရပ်ကွက်၊ မြို့မ(၃)ရပ်ကွက်၊ မြို့မ(၄)ရပ်ကွက်၊ ညောင်ကုန်း ၁၁/၁၄၊ ဖိန်ပါတ်၊ ရာဇသင်္ကြန်၊ ကမာကဆစ်၊ ကမာကသွယ်၊ စက်မြေ၊ ဝန်ထမ်းအိမ်ရာ၊ စာပါချောင်း၊ ကျောင်းစု၊ ကျန်စစ်သား၊ တပင်ရွှေထီး၊ ဘုရင့်နောင်၊ ဗညားဒလ၊ အောင်မင်္ဂလာ စသည့် ရပ်ကွက်ပေါင်း ၂၃ရပ်ကွက်မှ ရပ်မိရပ်ဖများ၊ ရပ်ကွက်ပြည်သူအင်အား ၅၀၀ခန့်ဖြင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပြည်သူတစ်ရပ်လုံးက တစ်ခဲနက် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ပြည်သူများအနေဖြင့် မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် အကျယ်တဝင့် မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ဒလမြို့နယ် ပျော်ဘွယ်ကြီး စံပြကျေးရွာ၌ တည်ထားကိုးကွယ်ထားသော သမိုင်းဝင် တောင်းဆုပြည့် သူရိယမုနိ ကြေးသွန်းရုပ်ရှင်တော် မြတ်ကြီးအား ပူဇော်ကြည်ညို၍ ဘုရားကြီးကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဦးဇဂရအား သင်္ကန်းအစရှိသည့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ဆရာတော်အားလျှောက်ထားရာ ဆရာတော်က ဆုတောင်းမေတ္တာ ပို့သပေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် အဆိုပါကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံ၌ ပျော်ဘွယ်ကြီး စံပြကျေးရွာ၊ ရွှေလှေချောင်၊ သမန်းချောင်းစသည့် ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်သည်။ တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများက မိမိတို့ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြဆွေးနွေးကြပြီး ဗဟိုအလုပ်အမှုဆောင်က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ မိမိတို့ ရပ်ရွာဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် အလေးပေး မှာကြားပြီး ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁

တောင်ဥက္ကလာပမြို့နယ် ၅ရပ်ကွက် ပါရမီလမ်း အမှတ် (၁)ဝိုင်း သဲအင်းဂူ အောင်ချမ်းသာကျောင်းတိုက်တွင် တတိယအကြိမ်မြောက် တရားစခန်းပွဲကို သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ၁၃၇၀ပြည့်နှစ် ကဆုန်လဆန်း၇ရက်မှ ၁၃ရက် (မေ ၁၁ရက်မှ ၁၇ရက်)အထိ အထူးအဓိဋ္ဌာန် ခုနစ်ရက် တရားစခန်းပွဲကို သဲအင်းဂူဆရာတော် ဘဒ္ဒန္တမုနိန္ဒ ကမ္မဋ္ဌာနာစရိယ (ကျိုက်ဝိုင်း)၊ ပုသိမ်မြို့ သဲအင်းဂူကျောင်းဆရာတော် ဘဒ္ဒန္တသီဟကမ္မဋ္ဌာနာစရိယနှင့် သဲအင်းဂူ အောင်ချမ်းသာကျောင်းဆရာတော် ဘဒ္ဒန္တကုန္ဒသီရိ (ဓမ္မာစရိယ B.A) ကမ္မဋ္ဌာနာစရိယတို့က ဝိပဿနာ (ခန္ဓာကိုယ်တွေ့) အလုပ်ပေးသစ္စာတရားတော်များ ဟောပြောပြသမည် ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများ မေ ၁၀ရက် ညနေအရောက် လာရောက်ကြရမည် ဖြစ်သည်။ (က-ပ)

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်းနေ ဦးသန်းစိုး-ဒေါ်ယဉ်ယဉ်မြင့်မိသားစု(ရွှေပုဇွန် ချည်ချောလုံချည်ဖြန့်ချိရေး)၏ (၂၅)နှစ်မြောက် ငွေရတု မင်္ဂလာနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

2-5 (02).pmd 1 5/2/2008, 1:49 AM

✻ ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်သာအေးနှင့် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Prasas Prasas Vinitchai နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ ပြန်လည် လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့်ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ ပူးပေါင်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုတို့ဖြင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူ၊ ရောင်းဝယ်သူများနှင့် စားသုံးသူများ မျှတသည့်ဈေးနှုန်းဖြင့် ရောင်းဝယ်စားသုံးနိုင်သည့် အခွင့်အလမ်းများရရှိရေး၊ ပြည်တွင်းဈေးကွက်မှ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန် အခွင့်အလမ်းကောင်းများရရှိနိုင်ရေး ရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဆွေးနွေးပွဲကို မေ ၄ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ရှိ မြေပဒေသာကျွန်း၌ ကျင်းပမည်ဖြစ်သည်။

သတ်မှတ်သီးနှံ

ပြိုင်ပွဲဝင်ရန်သတ်မှတ်ထားသော သီးနှံများမှာ သရက်၊ သခွားမွှေး၊ ဖရဲ၊ ငှက်ပျော၊ မာလကာ၊ နာနတ်၊ ပိန္နဲ၊ သဘော်၊ ဟင်းသီးဟင်းရွက်များမှာ ကညွတ်၊ ဘောဇီကွမ်း၊ ငရုတ်ပွနှင့် ပန်းမန်များမှာ နှင်းဆီ၊ ဂန္ဓမာ၊ Carnation၊ Lily၊ ပိန်းပန်း၊ Cymbidium (မြေစိုက်သစ်ခွ)နှင့် သစ်ခွ (နိုင်ငံခြားမျိုး) စသည်တို့ဖြစ်သည်။

ပြသထားမည်

ပြပွဲတွင် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ အဓိကထွက်ရှိသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ ပြည်ပပို့ကုန်ထုပ်ပိုးမှုအဆင့်ဆင့် သရုပ်ပြခန်း၊ စိုက်ပျိုးရေးအထောက်အကူပြု စက်ကိရိယာများ၊ စိုက်ပျိုးရေးဆေး၊ မျိုးစေ့နှင့် မြေဩဇာများ၊ ပိုးမွှားနှင့် ရောဂါဆိုင်ရာ ပညာပေးပြခန်းများ၊ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကပြခန်းများ ပြသထားမည်ဖြစ်သည်။

ဆွေးနွေးနိုင်

စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲတို့ကိုလည်း ကျင်းပမည်ဖြစ်ပြီး နိုင်ငံခြားမှ ပညာရှင်များ၊ ပြည်တွင်းမှ ပညာရှင်များနှင့် ကျွမ်းကျင်သူများက ဟောပြော ဆွေးနွေးကြမည်ဖြစ်ပြီး ဆွေးနွေးပွဲကို ကန်တော်ကြီးရှိ Western Park Royal ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့တက်ရောက် လေ့လာဆွေးနွေးနိုင်သည်။

ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းရုံး ဖုန်း-၀၁-၇၀၃၇၅၄၊ ၀၁-၅၁၄၂၂၆ နှင့် ၀၉-၅၁-၃၄၂၇၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပညာရှိသည် သတိဖြင့် အမြဲကြည့်၏

ပညာရှိတို့သည် မမေ့မလျော့သော သတိတရား လက်ကိုင်ထားခြင်းဖြင့် စိုးရိမ်ကြောင့်ကြမှုကင်းသည်။ ထို့အပြင် သူမိုက်တို့၏အပြစ်ကိုပင် တွေ့မြင်ပါက ဆင်ခြင်သုံးသပ် ပြုပြင်ပေးလေ့ရှိသည်။

ဓမ္မပဒ (၂၈)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကျစ်လဒါးနန်းတော်၌ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူရာဒက်(ဂျ်) အား ဂါရဝပြု တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကျေးလက်ပြည်သူများနှင့်တွေ့ဆုံ

ရန်ကုန် မေ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၉ ရက်က ဘိုကလေးမြို့နယ် မြင်းကကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဒေသခံရပ်မိရပ်ဖများ၊ ပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော နိုင်ငံရေး၊ စီးပွားရေးအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြင်းကကုန်းကျေးရွာ ပညာအလင်းစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွက် အလှူငွေများပေး အပ်လှူဒါန်းသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဧပြီ ၃၀ ရက်တွင် ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာ သိမ်ကျောင်းဘုရားတန်ဆောင်း(ဝဲပုံ) ကျိုက်လတ်မြို့နယ် ကလပ်ရပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ဒေးဒရဲမြို့နယ် သဲကုန်းကလေးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတို့၌ ဒေသခံရပ်မိရပ်ဖများ၊ ပြည်သူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး အခြေအနေများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားပြီး ဒေသခံရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ရှင်းလင်းတင်ပြမှုအပေါ် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ ကျောဖုံးမှ

ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူရာဒက်(ဂျ်)နှင့်အတူ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဲ့၊ ထိုင်းနိုင်ငံခရီးသွားလာရေးနှင့် အားကစားရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mingkwan Sangswan နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ထိုင်းဘုရင်မင်းမြတ်က မြန်မာနိုင်ငံ ဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်ကြောင့် နှစ်နိုင်ငံအကြား ယုံကြည်မှုတိုးတက်မြင့်မား လာမည်ဖြစ်သည့်အတွက် လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်း။

နွေးထွေးစွာကြိုဆို

မိမိ၏ သမီးတော်သီရိဒုံသည် မြန်မာနိုင်ငံသို့ သုံးကြိမ်သွားရောက်ခဲ့ရာ မြန်မာနိုင်ငံက နွေးထွေးစွာ ကြိုဆိုဧည့်ဝတ်ပြုသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပဏာမပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံသို့နှစ်ကြိမ်ရောက်ဖူးရာ ထိုင်းနိုင်ငံအကြောင်း အမှတ်တရပြောကြားလေ့ရှိပါကြောင်း၊ အဆွေတော်ဘုရင်မင်းမြတ် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းလျက်ရှိပါကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေး၊ ပူးပေါင်းဆောင်ရွက်မည့်အကြောင်း ပြောကြားသည်။

သာလွန်

ထိုင်းဘုရင်မင်းမြတ်က ဒီမိုကရေစီ တည်ဆောက်ရေးနှင့်ပတ်သက်၍ ဒီမိုကရေစီ များလွန်းလျှင်လည်း မကောင်းကြောင်း၊ အပြောများပြီးအလုပ် နည်းလျှင် မကောင်းကြောင်းကို အနောက် နိုင်ငံကြီးအချို့၏ ဥပမာကို ကြည့်နိုင်ကြောင်း၊ ထိုင်းနိုင်ငံတွင် ဒီမိုကရေစီကျင့်သုံးမှု အားနည်းသည်ဟု စွပ်စွဲပြောဆိုကြကြောင်း၊ ထိုင်းနိုင်ငံ၏ ဒီမိုကရေစီစနစ်သည် ၎င်းတို့၏ ဒီမိုကရေစီစနစ်ထက် သာလွန်ကြောင်း။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများစွာ ပေါကြွယ်ဝကြောင်း ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

(သတင်းစဉ်)

2-5 (03).pmd 1 5/2/2008, 1:49 AM

ကမ္ဘာ့မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေ

နယူးယောက် မေ ၁

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှထုတ်ပြန်သော ကမ္ဘာ့မြို့ကြီးအချို့၏ မေလ ၁ ရက် အပူချိန်နှင့် ရာသီဥတု အနေအထားမှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
ဂျာမနီ	ဘာလင်	၁၇ ̊C	သာယာ
အီဂျစ်	ကိုင်ရို	၂၀ ̊C	သာယာ
ပါကစ္စတန်	အစ္စလမ္မာဘတ်	၂၃ ̊C	တိမ်ထူထပ်
အီတလီ	ရောမ	၁၇ ̊C	သာယာ
ဂျပန်	တိုကျို	၁၃ ̊C	တိမ်ထူထပ်
မလေးရှား	ကွာလာလမ်ပူ	၂၃ ̊C	တိမ်ထူထပ်
အိန္ဒိယ	နယူးဒေလီ	၂၆ ̊C	တိမ်ထူထပ်
တရုတ်	ပေကျင်း	၁၅ ̊C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၂၈ ̊C	တိမ်ထူထပ်
စပိန်	မက်ဒရစ်	၁၂ ̊C	သာယာ
ကနေဒါ	အော့တာဝါ	၁၁ ̊C	မိုးရွာ
ဆော်ဒီအာရေဗျ	ရီးယာ့ဒ်	၃၂ ̊C	ပူပြင်း
ဆွီဒင်	စတော့ဟုမ်း	၁၀ ̊C	သာယာ
အမေရိကန်	နယူးယောက်	၁၂ ̊C	မိုးရွာ
အာဂျင်တီးနား	ဗျူနို့အေရီစ်	၁၇ ̊C	သာယာ

ကိုးကား-အင်တာနက်

မီးငြိမ်းသတ်ရေး ဆောင်ရွက်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဆာဒါစီးတီးအရပ်၌ အမေရိကန် ဦးဆောင်သော တပ်ဖွဲ့ဝင်များ လေကြောင်းမှ တိုက်ခိုက်ပြီးနောက် နေအိမ်များ မီးလောင်ကျွမ်းခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို ဧပြီ ၃၀ ရက်က ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ဈေးမဆစ်တော့ပါဘူး....

တေးဂီတလောကသို့စတင်ဝင်ရောက်လာသည့် အဆိုတော်သစ်တစ်ဦးသည် သူ၏ ပထမဆုံး တေးစီးရီး မရောင်းရသဖြင့် စိတ်ပျက်နေစဉ် တယ်လီဖုန်းလာ၍ ကောက်ကိုင်ရာ...

အဆိုတော် ။ ။ ဟုတ်ကဲ့...အမိန့်ရှိပါ။

ဖုန်းပြောသူ ။ ။ အဆိုတော် ဂျွန်နဲ့ စကားပြောချင်ပါတယ်။

အဆိုတော် ။ ။ ကျွန်တော်ပါပဲ။

ဖုန်းပြောသူ ။ ။ အိုး...ဝမ်းသာလိုက်တာဗျာ... ကျွန်တော် ခင်ဗျားရဲ့သီချင်း စီးရီးစီဒီအချပ် ၁၀၀၀၀လောက် ဝယ်ချင်လို့ပါ...

အဆိုတော် ။ ။ ဟုတ်လား...ရပါတယ်ခင်ဗျ...ရပါတယ်။

ဖုန်းပြောသူ ။ ။ ဈေးနှုန်းလည်း မဆစ်တော့ပါဘူး...

အဆိုတော် ။ ။ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်...ဒါထက်ဘယ်သူတွေအတွက် ဝယ်ပေးတာလဲ

ဖုန်းပြောသူ ။ ။ **ဆွံ့အနားမကြား ကလေးတွေအတွက်ပါ။**

အဆိုတော် ။ ။ "ဟာ-ဗျာ"

ဧပြီလအတွင်း ဘဂ္ဂဒက်၌ လူပေါင်း၄၀၀ကျော် သေဆုံးခဲ့ရ

ဘဂ္ဂဒက် မေ ၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဧပြီလအတွင်း ရှီးယိုက်သေနတ်သမားများ၊ အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများ ဖြစ်ပွားခဲ့ရာ လူ၄၀၀ကျော် သေဆုံးခဲ့ကြောင်း ဘဂ္ဂဒက်ရှိဆေးရုံ သတင်းရပ်ကွက်မှ တာဝန်ရှိသူများကပြောကြားသည်။

အဆိုးရွားဆုံး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်၌ အစိုးရက ရှီးယိုက် စစ်သွေးကြွများအား လက်နက်ကိုင်တိုက်ခိုက်မှု အဆုံးသတ်ရေး အမြစ်ပြတ် ချေမှုန်းတိုက်ခိုက်ရာတွင် တိုက်ပွဲများ အဆိုးရွားဆုံးဖြစ်ခဲ့သည်ဟု ဆိုသည်။

ကြေညာ

ဘဂ္ဂဒက်၌ ဖြစ်ပွားသောတိုက်ပွဲများတွင် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးမှာ ဆာဒါစီးတီး၌ သီးခြားစီဖြစ်ပွားသော တိုက်ပွဲအတွင်း သေဆုံးခဲ့ရသည်ဟုဆိုသည်။

ဧပြီလသည် ပြီးခဲ့သည့်နှစ် စက်တင်ဘာလ နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် အများဆုံးသေဆုံးသည့်လဖြစ်ခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင် ၄၆ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

ကျည်ဆန်ရထားသစ်

တရုတ်နိုင်ငံမြောက်ပိုင်း တန်ကျင်းမြို့တွင် အသစ်ဖွင့်လှစ်လိုက်သည့် တန်ကျင်းမီးရထားဘူတာရုံအတွင်း ပေကျင်းမြို့မှ တန်ကျင်းမြို့သို့ ပြေးဆွဲမည့် CRH3 ကျည်ဆန်ရထားသစ်ကို မေ ၁ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကျူးဘား၌ သေဒဏ်ချမှတ်မှု လျှော့ပေါ့မည် ၂၀၀၉ခုနှစ်အတွင်း ပါတီညီလာခံ ကျင်းပမည်

ဟာဗားနား မေ ၁

ကျူးဘားနိုင်ငံမှ သေဒဏ်စီရင်ချက်ချမှုကို ထောင်ဒဏ်အနှစ် ၃၀ နှင့် တစ်သက်တစ်ကျွန်းကြား ပြစ်ဒဏ်များ လျှော့ပေါ့ပေးမည်ဖြစ်ကြောင်း ကျူးဘားသမ္မတ ရာေလ်ကက်စထရိုက ကြေညာသည်။

ယင်းသို့ ပြစ်ဒဏ်လျှော့ပေါ့ခြင်းမှာ လူသားချင်းစာနာထောက်ထားမှုကြောင့် ဖြစ်ကြောင်း၊ နိုင်ငံတကာ ဖိအားပေးမှုကြောင့်မဟုတ်ကြောင်း ရာေလ်ကက်စထရိုက ရှင်းလင်းပြောကြားသည်။

ကျူးဘား ကွန်မြူနစ်ပါတီ၏ ပါတီညီလာခံကို ရှေ့နှစ်တွင် ကျင်းပမည်ဟုလည်း သမ္မတ ရာေလ်ကက်စထရိုက ထုတ်ဖော်ကြေညာသည်။

ယင်းညီလာခံသည် ဆယ်နှစ်ကျော်ကာလအတွင်း ပထမဆုံးကျင်းပမည့် ပါတီညီလာခံဖြစ်သည်။

မျှော်လင့်

ပါတီညီလာခံက ကျူးဘားနိုင်ငံ၏ အနာဂတ်နိုင်ငံရေးနှင့် စီးပွားရေးကိစ္စများကို ဆွေးနွေးချမှတ်မည်ဟု မျှော်လင့်ရသည်ဆိုသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

ဒေါသ၏ ဟိုမှာဘက်ကမ်းသို့ လျှောက်လှမ်းခဲ့မိရာဝယ်

အယ်လင်တောင်းမြို့သည် အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယား ပြည်နယ် အရှေ့ပိုင်း လီဟိုက်မြစ်ကမ်းပါးပေါ်တွင်ရှိသည့် မြစ်ဆိပ်ကမ်းမြို့ ဖြစ်ပြီး လူဦးရေ လေးသိန်းကျော်နေထိုင်ကာ အတန်အသင့် စည်ကားသည်။ သာယာလှပသည်။ မြို့၏မျက်နှာမူရာဘက်တွင် မြစ်ရှိပြီး နောက်ကျောဘက်တွင် တောင်တန်းများ၊ ကျောက်မီးသွေးမိုင်းများရှိသည်။

ယင်းမြို့တွင် အသက်၂၃နှစ်အရွယ်ရှိ နသန်ဘိုမန်**(လဲကျနေသူ)**နှင့် ရစ်ချတ်ဒီဂျေ့ အမည်ရှိ အလွန်ချစ်ခင်ကြသော သူငယ်ချင်းနှစ်ဦး နေထိုင်ကြသည်။ သူတို့ နှစ်ဦးသည် အိမ်နီးချင်းများဖြစ်ကြပြီး ညီအစ်ကို အရင်းများသဖွယ် ခင်မင်ရင်းနှီးချစ်ခင်ခဲ့ကြသည်။

သူစိမ်းပြင်ပြင်

ဘိုမန်နှင့်ရစ်ချတ်တို့ နှစ်ဦးစလုံးပင် တစ်ဦးတည်းသောသားများဖြစ်ကြပြီး ဘွဲ့အသီးသီးရရှိပြီးသူများလည်း ဖြစ်ကြသည်။ မိဘများက အလိုလိုက်သည့်တိုင် ဆိုးသွမ်းခြင်းမရှိကြသော်လည်း လူငယ်များ ဖြစ်သဖြင့် ၎င်းတို့ လုပ်ချင်သည့်အရာကို မဖြစ်ဖြစ်အောင် တစ်ဇွတ်ထိုးလုပ်ဆောင်တတ်သော စိတ်ဓာတ် ကိုယ်စီရှိကြသည်။ သူတို့နှစ်ဦးတွင် ထိုသို့ တစ်ဇွတ်ထိုး လုပ်ဆောင်တတ်သော စိတ်ဓာတ်ရှိနေကြခြင်းကပင် သူတို့နှစ်ဦး အချင်းများကာ ဒေါသရှေ့ထားမှား ခဲ့ကြရသော မိသားစုအချင်းချင်း မိတ်ဆွေအဖြစ်မှ ရန်သူအသွင်သူစိမ်းပြင်ပြင် ဖြစ်ခဲ့ရသည့် ဖြစ်ရပ်ဖြစ်ပေါ်ခဲ့သည်။

ဘိုမန်နှင့် ရစ်ချတ်တို့သည် ၂၀၀၈ ခုနှစ် ဧပြီ ၂၅ရက် နံနက် ၁ နာရီ အချိန်တွင် သူတို့နေထိုင်ရာမြို့၏ နောက်ကျောဘက် တောင်တန်းများပေါ်ရှိ စပရီးချိုင့်ဝှမ်း ကျောက်မီးသွေးတွင်းသို့ ရောက်ရှိနေခဲ့ကြသည်။ သူတို့၏ ရည်ရွယ်ချက်မှာ အပျော်ခြေလျင်ခရီး ထွက်ခဲ့ကြခြင်းဖြစ်သည်။ သူတို့နှစ်ဦးသည် ထိုကျောက်မီးသွေးတွင်းများရှိရာ တောင်ပေါ်ဒေသသို့ ဧပြီ ၂၄ရက် နံနက်ပိုင်းကတည်းက ထွက်ခွာခဲ့ကြခြင်းဖြစ်သည်။ သူတို့နှစ်ဦးစလုံး တောင်ပေါ်ဒေသသို့ စွန့်စားသွားလာလိုစိတ်ကြောင့်သာ သွားရောက်ခဲ့ကြခြင်းဖြစ်ပြီး ထိုတောင်ပေါ်ခရီးကို သူတို့တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှသွားရောက်ခဲ့ဖူးခြင်းမရှိသေးချေ။ ထို့ကြောင့် တောင်ပေါ်ခရီးတွင် စားနပ်ရိက္ခာအလုံအလောက်ပါလာသော်လည်း ညအခါ အိပ်စက်အနားယူရန်အတွက် အိပ်ရာခင်း၊ စောင်၊ ခြင်ထောင်များ မပါလာခဲ့ပေ။

အကြံပေး

သူတို့နှစ်ဦးသည် ဧပြီ ၂၄ရက် မိုးချုပ်စတွင် ထိုတောင်ခြေရှိ စခန်းချတည်းခိုရန် အဆင်ပြေသော ခရီးသွားများ နားနေစခန်းတစ်ခုသို့ ရောက်ရှိခဲ့သည်။ ထိုစခန်းအရောက်တွင် နသန်ဘိုမန်က ထိုညအဖို့ ယင်းစခန်းတွင် အနားယူအိပ်စက်ကာ နောက်နေ့ နံနက်ရောက်မှ တောင်ပေါ်သို့ ဆက်လက်တက်ရောက်ရန် ရစ်ချတ်ဒီဂျေ့အား အကြံပေးခဲ့သော်လည်း ရစ်ချတ်က လက်မခံဘဲ ညတွင်းချင်း တောင်ပေါ်သို့ တက်ရောက်ခဲ့သည်။ တောင်ပေါ်တွင်လည်း ခရီးသည်နားနေစခန်းရှိမည်ဟု ရစ်ချတ်က အခိုင်အမာဆိုကာ တောင်ပေါ်သို့ ဆက်လက်တက်ရောက်ခဲ့သဖြင့် ဘိုမန်လည်း စိတ်မပါစွာဖြင့် လိုက်ပါခဲ့ရသည်။ တောင်ပေါ်သို့ရောက်သောအခါ ရစ်ချတ်ဘိုမန်ပြောသကဲ့သို့ နားနေစခန်းဟူ၍ တစ်ခုတလေပင်မရှိဘဲ ကျောက်မီးသွေးတွင်းများသာရှိပြီး တောသည်နက် သည်ထက်နက်ကာ ညဥ့်သည်လည်း နက်သည်ထက် နက်လာတော့သည်။

သူတို့နှစ်ဦးသည် အမှောင်ထဲတွင် စမ်းတဝါးဝါး လျှောက်လှမ်းကာ လူသူရှိမည့်နေရာကို မှန်းဆရှာဖွေခဲ့ရာ ဧပြီ ၂၅ရက် နံနက် ၁နာရီခန့်တွင် ကျောက်မီးသွေးတွင်းတစ်တွင်း အနီးသို့ ရောက်ရှိခဲ့ကြသည်။ သူတို့နှစ်ဦး ရောက်ရှိနေသော ကျောက်မီးသွေးတွင်းမှာ အခြားမဟုတ်ပေ။ ဖီလာဒဲလ်ဖီးယား မြို့မှ အနောက်မြောက်ဘက် မိုင် ၉၀ အကွာ စပရီးချိုင့်ဝှမ်းရှိ ကျောက်မီးသွေး တွင်းပင် ဖြစ်သည်။

တောင်ခြေတွင် စခန်းချပြီး နောက်နေ့တွင်မှ နေ့အလင်းရောင်ဖြင့် အေးအေးဆေးဆေးတက်ရန် အကြံပြုခဲ့သော ဘိုမန်မှာ တောင်ပေါ်တွင် ဒုက္ခ မရောက်သင့်ဘဲ ရောက်ရသည့်အတွက် ရစ်ချတ်အား ပြစ်တင် ပြောဆိုခဲ့သည်။ တောင်ပေါ်တွင် လမ်းပျောက်နေ၍ စိတ်ပျက်နေသော ရစ်ချတ်အဖို့ သူ့ကြောင့် ဒုက္ခရောက်ခဲ့ရကြောင်း ဘိုမန်က အပြစ်တင်စကား အဆက်မပြတ် ကြာရှည်စွာ ပြောဆိုသောအခါတွင် လူငယ်ပီပီ ဒေါသကို မည်သို့မျှ မထိန်းနိုင်တော့ဘဲ ကျောက်မီးသွေးတွင်းရှိရာ ချောက်ကမ်းပါး တွင်းနှုတ်ခမ်းဝသို့ ရောက်ရှိနေသည်ကို သတိမမူနိုင်လောက်အောင် ဒေါသထွက်ကာ ဘိုမန်အား တွန်းလိုက်မိတော့သည်။ ဘိုမန်မှာ ငယ်သန်ပါအောင် အော်ဟစ်ကာ ချောက်အတွင်းသို့ ကျရောက်သွားခဲ့တော့သည်။

အမှုရင်ဆိုင်နေရ

ရစ်ချတ်မှာ ဒေါသစိတ်ကို မထိန်းနိုင်တော့ဘဲ စိတ်လွတ်ကိုယ်လွတ် ပြုမူမိလိုက်ရာမှ သတိပြန်ဝင်လာသောအခါ ကြောက်ရွံ့ပြီး ဇာတိမြို့သို့ပြန်ကာ ဘိုမန်အား ကယ်တင်ရန် ရဲအဖွဲ့အား ၎င်း၏သူငယ်ချင်း ချောက်အတွင်းသို့ မတော်တဆ ကျသွားခဲ့သဖြင့် ကယ်တင်ပေးပါရန် လီဆယ်တိုင်ကြားခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဘိုမန်အား သွားရောက် ကယ်ဆယ်သောအခါ ဘိုမန်မှာ သေကံမရောက်သက်မပျောက်ဘဲ ကျောရိုးနှင့် မြီးညှောင့်ရိုးကျိုးဒဏ်ရာ၊ တံတောင်ဆစ်ပွန်းပဲ့ဒဏ်ရာ၊ ခြေကျင်းဝတ် ဒဏ်ရာများရရှိကာ ရစ်ချတ်က ဘိုမန်အား ချောက်အတွင်းသို့ တွန်းချမှုပေါ်ပေါက်ခဲ့တော့သည်။ ရစ်ချတ်နှင့် ဘိုမန်တို့ နှစ်ဦးစလုံး ကျောက်မီးသွေးတွင်းသို့ အချိန်မတော် ရောက်နေမှုဖြင့် တရားစွဲဆိုခံရသကဲ့သို့ ရစ်ချတ်မှာ ဘိုမန်အား သေကြောင်းကြံစည်မှုဖြင့် တရားစွဲဆို အမှုရင်ဆိုင်နေရဆဲဖြစ်သည်။

နသန်ဘိုမန်နှင့် ရစ်ချတ်ဒီဂျေ့တို့သည် တဇွတ်ထိုးဆန်ပြီး မဆင်မခြင် အချိန်မတော် သွားလာမှုကြောင့် ဒုက္ခရောက်ခဲ့ရပြီး ရစ်ချတ်ဒီဂျေ့အနေဖြင့်လည်း ဒေါသ၏ ဟိုမှာဘက်ကမ်းသို့ လျှောက်လှမ်းခဲ့မိသောကြောင့် တန်ရာတန်ကြေးပေးဆပ်ရမည့်အပြစ်ကို သင်ခန်းစာယူဖွယ်ရာ ဖြစ်ရပ်အဖြစ် ကိုးကားရေးသားလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း စီလီဂူရီမြို့ ဘူတာရုံ၌ အသက် ၄၂ နှစ် အရွယ် ဆီလန်ဒရာ နတ်ရှိုင်အမည်ရှိ အိန္ဒိယ အမျိုးသား တစ်ဦးက အလေးချိန် ၄၇ တန်ရှိသည့် ရထားတွဲသုံးတွဲကို သူ၏ ခါးတွင် ကြိုးဖြင့်ချည်ကာ ဧပြီ ၂၈ ရက်က ဤသို့ဆွဲပြခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)



အမေရိကန်နိုင်ငံ နယူးယောက် မြို့တွင် ဧပြီ၂၉ရက်က ဒေး ဗစ် ဘ လိန်း အမည်ရှိ အမျိုးသား တစ်ဦးက ရေများ အပြည့် ထည့်ထားသော ဖန်လုံးကြီး အတွင်း၌ ၁၇မိနစ်ကြာ နေထိုင်ပြခြင်းဖြင့် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့မှုကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၁-၅-၂၀၀၈

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း ထိုင်းလုံခြုံရေးအရာရှိများက ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ထိုင်းတောင်ပိုင်း ပတ္တနီပြည်နယ် ယာရန်ခရိုင်အတွင်း၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အစွန်းရောက် လက်နက်ကိုင်များ၏ လက်ချက်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပါလက်စတိုင်း ၃၂ဦးအား အစ္စရေးတို့က ဖမ်းဆီး

အစ္စရေးတပ်ဖွဲ့ဝင်များက အရှေ့ဂျေရုဆလင်မြို့ရှိ ပါလက်စတိုင်း ၃၂ဦးအား ဖမ်းဆီးခဲ့ကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များက အရှေ့ဂျေရုဆလင်နှင့် အယ်အီဇာရီယာမြို့များအတွင်း ဝင်ရောက်စီးနင်းပြီး သံသယရှိသူများအား ဖမ်းဆီးသွားကြောင်း ၎င်းတို့က ပြောကြားသည်။

သီရိလင်္ကာနှင့် အီရန် နယ်ပယ်စုံပူးပေါင်းမည်

သီရိလင်္ကာနှင့် အီရန်နှစ်နိုင်ငံတို့ ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပူးပေါင်းလုပ်ဆောင်မှုများ တိုးချဲ့သွားမည်ဟု အီရန် အရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ သိပ္ပံနည်းပညာနယ်ပယ်တို့ နီးနီးကပ်ကပ် စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

ဩစတြီးယား၌ ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးတွေ့ရှိ

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ မြေကြီးများကို တူးဖော်စဉ် ဒုတိယကမ္ဘာစစ်က အသုံးပြုခဲ့သော ဗုံးတစ်လုံးကို ရှာဖွေ တွေ့ရှိခဲ့ကြကြောင်း ဗီယင်နာမြို့မှ ရဲတပ်ဖွဲ့ က ပြောကြားသည်။

အဆိုပါဗုံးမှာ အလေးချိန်ကီလိုဂရမ် ၂၅၀လေးပြီး မပေါက်ကွဲသေးသော ဗုံးဖြစ်ရာ လေ့လာစစ်ဆေးချက်အရ ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးဖြစ်ကြောင်း သိရသည်။

လက်ဘနွန်သမ္မတရွေးချယ်ပွဲ ရက်ကန့်သတ်

လက်ဘနွန်သမ္မတ ရွေးချယ်ပွဲကို မေလ ၁၃ရက်၌ကျင်းပရန် ဆုံးဖြတ်ထားကြောင်း လက်ဘနွန်အရာရှိများက ပြောကြားသည်။

အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရသည့် လက်ဘနွန် သမ္မတရွေးချယ်ပွဲကို ယခုအခါကျင်းပနိုင်ရန် ရက်အတိအကျသတ်မှတ်လိုက်ပြီဖြစ်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ် ဖို့ဒ်စီနီရိုရာက ပြောကြားသည်။

ရုရှားနှင့်ဂရိတို့ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး လက်မှတ်ထိုး

ရုရှားနှင့်ဂရိနှစ်နိုင်ငံတို့ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေးဆိုင်ရာ သဘောတူညီချက်ကို နှစ်နိုင်ငံကိုယ်စားလှယ်များက မော်စကိုမြို့၌ လက်မှတ်ရေးထိုးလိုက်ကြသည်။

သဘောတူစာချုပ်အရ ရုရှားနိုင်ငံမှ ဓာတ်ငွေ့များပေးမှုအတွက် ဂရိနိုင်ငံက ပိုက်လိုင်း တည်ဆောက်သွယ်တန်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

အင်ဒိုနီးရှား၌ အင်အားပြင်းငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် ရစ်ချ်တာစကေး ၆ဒသမ၁အဆင့်ရှိသည့် အင်အားပြင်း ငလျင်လှုပ်သွားကြောင်း အင်ဒိုနီးရှားနိုင်ငံမှ မိုးလေဝသနှင့်ဇလဗေဒအရာရှိများက ပြောကြားသည်။

အဆိုပါငလျင်လှုပ်မှုမှာ မာလူကူပြည်နယ် မြို့တော်အမ်ဘွန်မှ အနောက်တောင်ဘက် ၁၀၆ ကီလိုမီတာအကွာ ပင်လယ်ရေအောက်ကြမ်းပြင်ကို ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ကြောင့် အမ်ဘွန်မြို့၌ အဆောက်အအုံအချို့ ယိမ်းထိုးလှုပ်ခါသွားသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများ ဆက်လက်ကျဆင်းနေ

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း တရုတ် ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။

တရုတ်ဈေးကွက်တွင်ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၈၆၆ဒသမ၉၆ဒေါ်လာအထိ ကျဆင်းလာရာ ယခင်အမြင့်ဆုံး တက်ခဲ့သည့် ဈေးနှုန်းထက် အမေရိကန်ဒေါ်လာ၁၉၃သမ ၈၆ဒေါ်လာ ကျဆင်းလာခြင်းဖြစ်သည်။

ဘဝဒဿနအမြင်

The future destiny of the child is always the work of the mother.

ကလေးငယ်တစ်ဦး၏ အနာဂတ်ကံကြမ္မာသည် မိခင်၏ အမြဲတစေပြုစုပျိုးထောင်မှုအပေါ်တွင် မူတည်၏။

နပိုလီယန်(ပြင်သစ်ဧကရာဇ်)

It is art that makes life, makes interest, makes importance.

အနုပညာသည် ဘဝကိုလည်းကောင်း၊ စိတ်ဝင်စားမှုကိုလည်းကောင်း၊ အရေးပါမှုကိုလည်းကောင်း ဖန်တီးပေးနိုင်စွမ်းရှိသည်။

ဟင်နရီဂျိမ်းစ်(အင်္ဂလိပ်-အမေရိကန်ကပြား စာရေးဆရာ)

သတင်းမှပေးသော အသိနှင့်သတိ

ပေါ့ဆခဲ့လျှင်....

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အနောက်မြောက်ဘက် ကီလိုမီတာ ၁၁၀ခန့်အကွာရှိ ဆီရာဂန်ခရိုင်အတွင်း ကျေးရွာတစ်ရွာ၌ ဧပြီ၃၀ရက်က မတော်တဆဖြစ်ရပ်ကြောင့် လူသုံးဦးသေဆုံးခဲ့ပြီး လေးဦးဆေးရုံတင်ပို့ခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ အဆိုပါကျေးရွာရှိ မိသားစုတစ်စုသည် ညစာထမင်းဟင်းများချက်ပြုတ်နေချိန်၌ နိုက်ထရစ်အက်စစ်မှုန့်များကို ဆားအမှတ်ဖြင့် ဟင်းအိုးအတွင်း ထည့်မိခဲ့ရာမှ ၎င်းဟင်းများကို စားသုံးသဖြင့် အစာအဆိပ်သင့်ပြီး မိသားစုဝင်သုံးဦးသေဆုံးခဲ့ရခြင်းဖြစ်သည်။

ဤဖြစ်ရပ်သည် ထမင်းဟင်းများချက်ပြုတ်ရာအနီးတွင် အန္တရာယ်ဖြစ်စေသော ပစ္စည်းများကို အမှတ်တမဲ့ပေါ့ဆစွာ အလွယ်တကူထားခဲ့မှုကြောင့် အသက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရခြင်းမှာ သင်ခန်းစာယူဖွယ်ရာပင်ဖြစ်သည်။ (အင်တာနက်)

အာဖရိက၏သက်တမ်းအရင့်ဆုံး သမ္မတနိုင်ငံ လိုင်ဘေးရီးယားဆိုသည်မှာ....

သတင်းအက်ဆေး

လိုင်ဘေးရီးယားနိုင်ငံသည် အာဖရိကတိုက်အနောက်ပိုင်း အနောက်တောင်ကမ်းခြေဒေသတွင် တည်ရှိသည်။ အာဖရိက၏ သက်တမ်းအရင့်ဆုံး သမ္မတနိုင်ငံဖြစ်သည်။ သို့သော် ၁၉၉၀ပြည့် လွန်နှစ်များတွင် ရှည်ကြာသော ပြည်တွင်းစစ်နှင့် အိမ်နီးချင်း ဆီရာလီယွန်နိုင်ငံတွင်း ပုန်ကန်မှုတွင် ပါဝင်ပတ်သက်လာသည့်အခါတွင်မှ လူသိပိုများလာသည်။

အများစု

လိုင်ဘေးရီးယားနိုင်ငံကို အမေရိကန်နှင့် ကာရစ်ဘီယံကျွန်များက ထူထောင်ခဲ့သော်လည်း ကျွန်များမှ ဆင်းသက်ပေါက်ဖွားသူများနှင့်အတူ တိုင်းရင်းသား အာဖရိကလူမျိုးက အများစုဖြစ်သည်။

တည်ငြိမ်

စားသောက်ကုန်ဈေးနှုန်းများ အဆမတန်တက်ပြီးနောက် လိုင်ဘေးရီးယား သမ္မတဝီလျံတောလဘတ်အား အရာခံဗိုလ်ဆင်မြူရယ်ဒိုးက ဖြုတ်ချသည်။ ၁၉၈၀ပြည့်နှစ်အထိ ဤနိုင်ငံမှာ အတော်ကလေးတည်ငြိမ်သည်။

လိုင်ဘေးရီးယားနိုင်ငံမှာ ၁၈၄၇ခုနှစ် ဇူလိုင်လတွင် လွတ်လပ်ရေးရရှိသည်။ ၁၉၁၇ခုနှစ်တွင် ဂျာမနီကို စစ်ကြေညာပြီး မဟာမိတ်နိုင်ငံများအား စစ်အခြေစိုက်စခန်းချခွင့်ပေးသည်။ ၁၉၂၆ခုနှစ်တွင် ဖားယားစတုန်းကုမ္ပဏီကို ရော်ဘာစိုက်ခွင့်ပေးသည်။ ရော်ဘာသည် လိုင်ဘေးရီးယားနိုင်ငံ စီးပွားရေး၏ ပင်မကျောရိုးဖြစ်လာသည်။ ၁၉၃၆ ခုနှစ်တွင် အဓမ္မခိုင်းစေမှုကို ပယ်ဖျက်သည်။

ဖွဲ့စည်း

၁၉၄၃ ခုနှစ်တွင် ဝီလျံတပ်မင်အား သမ္မတအဖြစ်ရွေးချယ်သည်။ ၁၉၄၄ ခုနှစ်တွင် လိုင်ဘေးရီးယားနိုင်ငံက ဝင်ရိုးတန်းနိုင်ငံများကို စစ်ကြေညာသည်။ ၁၉၅၁ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲ၌ အမျိုးသမီးများကို ပထမဆုံးမဲပေးခွင့်ပြုသည်။ ၁၉၇၁ ခုနှစ်တွင် သမ္မတတပ်မင် ကွယ်လွန်သဖြင့် သမ္မတရာထူးကို ဝီလျံတောလဘတ်ဆက်ခံသည်။ ၁၉၇၉ ခုနှစ်တွင် ဆန်ဈေးနှုန်းတက်သည်ကို အကြောင်းပြု၍ အဓိကရုဏ်းဖြစ်ပွားသည်။ လူ ၄၀ ကျော်သေဆုံးသည်။ ၁၉၈၀ ပြည့်နှစ်တွင် အရာခံဗိုလ်ဒိုးက ဦးဆောင်ပြီး စစ်တပ်က အာဏာသိမ်းသည်။ သမ္မတတောလဘတ်နှင့် လက်ထောက် ၁၃ ဦးကို ကွပ်မျက်ပစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး ဒိုးဦးဆောင်သည့် ပြည်သူ့ပြန်လည်ထူထောင်ရေးကောင်စီကို ဖွဲ့စည်းသည်။

၁၉၈၅ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဒိုးအနိုင်ရသည်။ ၁၉၈၉ ခုနှစ်တွင် ချားလ်တေလာ ဦးဆောင်သည့် လိုင်ဘေးရီးယား အမျိုးသားမျိုးချစ်တပ်ဦး (အန်င်ပီအက်ဖ်အယ်လ်)က စတင်ပုန်ကန်သည်။ ၁၉၉၅ခုနှစ်တွင် ငြိမ်းချမ်းရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

စွပ်စွဲ

၁၉၉၇ ခုနှစ် ဇူလိုင်လတွင် သမ္မတရွေးကောက်ပွဲနှင့် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပသည်။ ချားလ်တေလာနှင့် သူ့ပါတီကအနိုင်ရသည့်။ ၁၉၉၉ ခုနှစ် ဇန်နဝါရီလတွင် ဆီရာလီယွန်မှ တော်လှန်သော ညီညွတ်ရေးတပ်ဦးသူပုန်များကို လိုင်ဘေးရီးယားက ထောက်ခံအားပေးနေသည်ဟု ဂါနာနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့က စွပ်စွဲသည်။

လိုင်ဘေးရီးယားနိုင်ငံသည် အာဖရိကတိုက်အနောက်ပိုင်း အနောက်တောင်ကမ်းခြေဒေသတွင် တည်ရှိ၊ အာဖရိက၏ သက်တမ်းအရင့်ဆုံး သမ္မတနိုင်ငံဖြစ်၊ သို့သော် ၁၉၉၀ပြည့် လွန်နှစ်များတွင် ရှည်ကြာသော ပြည်တွင်းစစ်နှင့် အိမ်နီးချင်း ဆီရာလီယွန်နိုင်ငံတွင်း ပုန်ကန်မှုတွင် ပါဝင် ပတ်သက်လာသည့်အခါတွင်မှ လူသိပိုများလာ။

၂၀၀၁ခုနှစ် ဖေဖော်ဝါရီလတွင် ဆီရာလီယွန်သူပုန်ခေါင်းဆောင် ဆမ်ဘော့ကာရီ လိုင်ဘေးရီးယားနိုင်ငံ အတွင်းမှ ထွက်ခွာသွားပြီဟု လိုင်ဘေးရီးယား အစိုးရက ကြေညာသည်။ ၂၀၀၂ခုနှစ် ဇန်နဝါရီတွင် တိုက်ပွဲကြောင့် လိုင်ဘေးရီးယားနှင့် ဆီရာလီယွန် ဒုက္ခသည် ၅၀၀၀၀ကျော် ထွက်ပြေးကြသည်။ ထိုနှစ် ဖေဖော်ဝါရီလတွင် သမ္မတတေလာက အရေးပေါ်အခြေအနေ ကြေညာသည်။

ထွက်ခွာ

၂၀၀၃ ခုနှစ် ဩဂုတ်လတွင် နိုင်ဂျီးရီးယားငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်များ ရောက်လာသည်။ သမ္မတတေလာက သူ့လက်ထောက် မိုးဇက်အား အာဏာလွှဲပေးပြီးနောက် တိုင်းပြည်မှ ထွက်ခွာသွားခဲ့သည်။

၂၀၀၅ခုနှစ် နိုဝင်ဘာ၂၃ရက်တွင် မီးစ်အယ်လင် သမ္မတဖြစ်လာသည်။ အာဖရိကတိုက်တွင် ပထမဆုံး ရွေးချယ်တင်မြှောက်ခံရသည့် အမျိုးသမီးသမ္မတဖြစ်သည်။

၂၀၀၆ ခုနှစ် ဇူလိုင်လတွင် မွန်ရိုးဗီးယားမြို့တော်အတွင်း လျှပ်စစ်မီးလင်းအောင် သမ္မတက ဆောင်ရွက်ပေးသည်။ ၁၅နှစ်ကြာ အမှောင်ဖုံးခဲ့မှု အဆုံးသတ်သွားသည်။

သမ္မတ မီးစ်အယ်လင်သည် စီးပွားရေး ပညာရှင်တစ်ဦးဖြစ်သည်။ ကုလသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တွင် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။ လိုင်ဘေးရီးယားနိုင်ငံအတွင်း အဂတိလိုက်စားမှု ပပျောက်ရေးကို ဦးစားပေးဆောင်ရွက်မည်ဟု ကြေညာထားပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

အိုဘားမားနှင့် ဟီလာရီထောက်ခံမှု တူညီနေကြ ဂျွန်မက်ကိန်းကို ဟီလာရီသာလျှင် အနိုင်ယူနိုင်

ဝါရှင်တန် မေ ၁

ပြိုင်ဘက်ဟီလာရီကလင်တန် (ယာအောက်ပုံ)သည် ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲတွင် ဧပြီ ၂၂ရက်က အနိုင်ရရှိပြီးနောက် အိုဘားမားအနေဖြင့် ဟီလာရီထက် ယခင်က ပြည်သူထောက်ခံမှု ပိုရရှိသော်လည်း ယခုအခါ ထောက်ခံမှုရရှိသည့် အနေအထားမှာ တူညီနေကြောင်း ဧပြီ ၂၉ရက်က ထုတ်ပြန်သည့် ပြည်သူ့သဘောထား စစ်တမ်းကောက်ယူမှုတွင် ပြသလိုက်သည်။

အိုဘားမားအပေါ် ဟီလာရီက ၁၀ရာခိုင်နှုန်းနီးပါး ထောက်ခံမဲအသာရကာ အောင်ပွဲခံသည့် ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲအပြီး ဒုတိယအကြိမ်မြောက် ပြည်သူ့သဘောထား စစ်တမ်းကောက်ယူခြင်း ဖြစ်သည်။

ထောက်ခံ

ဧပြီ ၂၄ရက်မှ ၂၆ရက်အတွင်း ဒီမိုကရက်တစ်ပါတီနှင့် ပါတီလိုလားသူ မဲဆန္ဒရှင် ၁၂၄၀တို့နှင့် တွေ့ဆုံစစ်တမ်းကောက်ယူရာ၌ အိုဘားမားနှင့် ဟီလာရီတို့နှစ်ဦးမှာ ထောက်ခံမှု ၄၇ရာခိုင်နှုန်းစီရကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် နိုဝင်ဘာလဆန်း သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်မဲဆန္ဒရှင်များအနေဖြင့် မည်သူ့ကို ပိုမိုကြိုက်နှစ်သက်ကြောင်း ရွေးချယ်ရန် လောလောဆယ်တွင် ခက်ခဲနေသည်။

ပိုမိုရရှိ

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မှတ်ပုံတင်စာရင်းဝင် မဲဆန္ဒရှင်များ၏ သဘောထားစစ်တမ်းကို ယခုနောက်ဆုံးကောက်ယူရာ၌ ဟီလာရီက ရီပတ်ဘလီကင်ကိုယ်စားလှယ် ဂျွန်မက်ကိန်းထက် ထောက်ခံမှုပိုမိုရရှိကြောင်း သိရသည်။ ဟီလာရီက ထောက်ခံမှု ၄၇ရာခိုင်နှုန်းနှင့် ဂျွန်မက်ကိန်းက ၄၄ရာခိုင်နှုန်း အသီးသီးရရှိသည်။ အိုဘားမားနှင့် ဂျွန်မက်ကိန်းတို့နှစ်ဦး ယှဉ်ပြိုင်ရလျှင် ထောက်ခံမှုမှာ ၄၅ရာခိုင်နှုန်းစီသာ ရရှိကြကြောင်း ပြည်သူ့ဆန္ဒသဘောထား ကောက်ယူမှုစစ်တမ်း၌ တွေ့ရသည်။

(အင်တာနက်)

အိုင်ဗရီကို့စ်ရှိ ထူးခြားသောအုန်းပင် ဒေါ်လာတစ်သန်းဖြင့် ရောင်းချမည်

အိုင်ဗရီကို့စ် (အာဘစ်ဂျန်) မေ ၁

အိုင်ဗရီကို့စ်သိပ္ပံပညာရှင်များသည် ရှားပါးသည့် ပင်စည်ပွား အုန်းပင်တစ်ပင် (အပေါ်ပုံ)ကို အမေရိကန် ဒေါ်လာတစ်သန်းဖြင့် ရောင်းချရန် ကြိုးစားလျက်ရှိသည်။

ကြိုးစား

သိပ္ပံပညာရှင်များသည် ပင်စည်တစ်ခုတည်းမှ အပွား ပင်စည်သုံးခု ထွက်နေသော အုန်းပင်ကို ရောင်းချရန် ကြိုးစားလျက်ရှိရာ ဝယ်သူရှာမတွေ့သေးဟု ဆိုသည်။

ပြောကြား

မိမိတို့ အိုင်ဗရီကို့စ်နိုင်ငံ၌ အုန်းပင် ၁၅၀၀၀၀ခန့် သုတေသနပြု စိုက်ပျိုးလျက်ရှိကြောင်း၊ သို့သော်လည်း ပင်စည်တစ်ခုတည်းမှ ပင်စည်ပွားထွက်နေသည့် အုန်းပင်မှာ တစ်ပင်သာရှိကြောင်း အာဘစ်ဂျန်မြို့ အုန်းသုတေသနဌာနမှ သုတေသနပညာရှင် ဒေါက်တာရီးလင်းဘောရက်ဇ်က ပြောကြားသည်။

မတွေ့ရ

ယင်းအုန်းပင်မှ အုန်းလက်များ ရုံဖန်ရံခါ အင်းဆက်များကျရောက်မှုကြောင့် ပြုတ်ကျခဲ့သော်လည်း သေနိုင်မည့် လက္ခဏာမတွေ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ အုန်းသီးမျိုးသည် လွန်ခဲ့သောအနှစ်၄၀က မလေးရှားနိုင်ငံမှ တင်သွင်းသည့် အုန်းသီးမှအပင်ပေါက်ရှင်သန်ခဲ့သော အုန်းမျိုးဖြစ်သည်ဟုဆိုသည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးလုပ်ငန်း ဆောင်ရွက်နေကြသည်ကို ဧပြီ ၃၀ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ထိုင်းလွှတ်တော်ဥက္ကဋ္ဌ ရာထူးမှနုတ်ထွက်

ဗန်ကောက် မေ ၁

ထိုင်းနိုင်ငံလွှတ်တော် ဥက္ကဋ္ဌ ယွန်ယွတ်တီယာပီရတ်က ၎င်းအနေဖြင့် ရာထူးမှနုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၃၀ရက်က ထုတ်ဖော်ကြေညာလိုက်သည်။

နုတ်ထွက်

ဧပြီ ၃၀ရက်က ကျင်းပသော လွှတ်တော်အစည်းအဝေး၌ မိမိအနေဖြင့် ထိုင်းလွှတ်တော်ဥက္ကဋ္ဌ ရာထူးမှနုတ်ထွက်ပြီ ဖြစ်ကြောင်း ယွန်ယွတ်တီယာပီရတ်က ပြောကြားခဲ့သည်။

ထိုင်းလွှတ်တော်ဥက္ကဋ္ဌ အဖြစ်မှ မည်သည့်အတွက်ကြောင့် နုတ်ထွက်ရသည်ကို ရှင်းလင်းချက် တစ်စုံတစ်ရာ မပြောကြားကြောင်း သိရသည်။ **(အင်တာနက်)**

နယူးဇီလန်ကမ်းလွန်၌ တွေ့ရသော ပြည်ကြီးငါး အလွန်ကြီးမားသော မျက်စိများပါရှိ

နယူးဇီလန် မေ ၁

နယူးဇီလန်နိုင်ငံ ပင်လယ်မှ ဖမ်းဆီးရမိသော တန်ဝက်မျှကြီးမားသည့် ပြည်ကြီးငါးတစ်ကောင်၏ မျက်စိများမှာ အလွန်ကြီးမားသော မျက်စိများဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့သည်။

အကြီးမားဆုံး

ယင်းပြည်ကြီးငါး၏ မျက်စိများသည် ကမ္ဘာပေါ်ရှိသတ္တဝါများတွင် အကြီးမားဆုံးသော မျက်စိများဖြစ်ကြောင်း၊ မျက်စိတစ်လုံးစီ၏ အရွယ်အစားမှာ အချင်းဝက်အားဖြင့် ၁၁လက်မမျှရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ဖမ်းဆီးရမိ

ယင်းပြည်ကြီးငါးအား နယူးဇီလန်သိပ္ပံပညာရှင်များက နယူးဇီလန်ကမ်းလွန်တွင် ဖမ်းဆီးရမိခဲ့ပြီး အရှည် ၃၄ပေရှိကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန် ပြည်နယ်တွင် ကျင်းပလျက်ရှိသည့် တရုတ်ရိုးရာ ဂူရှူးပွဲတော်တွင် ယှဉ်ကျေးမှုအဖွဲ့ဝင်များ၏ ပါဝင်သရုပ်ပြမှုကို ဧပြီ ၃၀ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရုရှားသမ္မတသစ် မက်ဗီဒေ့ဗ် တရုတ်သို့ ပထမဆုံးပြည်ပခရီး သွားရောက်မည်

မော်စကို မေ ၁

ရုရှားသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ဒီမီထရီမက်ဗီဒေ့ဗ်က ၎င်းအနေဖြင့် သမ္မတဖြစ်လာပြီးနောက် ပထမဆုံးသော ပြည်ပခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်း သွားရောက်မည်ဖြစ်ကြောင်း ဧပြီ ၂၉ရက်က ပြောကြားလိုက်သည်။

တွေ့ဆုံမေးမြန်း

မိမိသည် ကာဇက်စတန်နိုင်ငံသို့ ပထမဆုံးသွားရောက်ရန် ကတိပြုထားကြောင်း၊ ယင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း၊ ယင်းခရီးစဉ်သည် မိမိ၏ပထမဆုံးသော ခရီးစဉ်ဖြစ်ကြောင်း ရုရှားသတင်းစာတစ်စောင်၏ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားပေးသည်။

တိုးတက်

မက်ဗီဒေ့ဗ်သည် မေ၇ရက်တွင် ရှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သော ရုရှားသမ္မတ ဗလာဒီမာပူတင်၏ သမ္မတရာထူးကို လွှဲပြောင်းရယူမည်ဖြစ်ကြောင်း၊ ရုရှားနှင့် တရုတ်ဆက်ဆံရေး တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

လန်ဒန်မြို့ရှိ ဟီးသရိုးလေဆိပ် ဥရောပ၌ အဆိုးရွားဆုံးလေဆိပ်ဟုဆို

လန်ဒန် မေ ၁

လန်ဒန်မြို့ရှိ ဟီးသရိုးလေဆိပ်သည် ဥရောပတွင် အဆိုးရွားဆုံး လေဆိပ်ဖြစ်ကြောင်း အမေရိကန်လေကြောင်းလိုင်း အမှုဆောင်အရာရှိတစ်ဦးက ဧပြီ ၂၉ရက်တွင် ပြောကြားသည်။

အဆိုးရွားဆုံး

ယင်းလေဆိပ်သည် မကြာမီက ခရီးသည်များ၏ ဝန်စည်စလယ်ဌာန၌ ပဋိပက္ခဖြစ်ခဲ့ပြီးနောက် အဆိုးရွားဆုံး လေဆိပ်ဖြစ်လာကြောင်း အမေရိကန်လေကြောင်းလိုင်းအတွက် ဥရောပဝန်ဆောင်မှုပေးနေသော အကောက်ခွန်အရာရှိ တစ်ဦးဖြစ်သည့် ဒေါင်လမ်ဖို့ဒ်က ပြောကြားသည်။

ပြောကြား

ဟီးသရိုးလေဆိပ်သည် မိမိတို့ကုမ္ပဏီက ဥရောပသို့ပျံသန်းပြေးဆွဲလျက်ရှိသော လေဆိပ်များတွင် အဆိုးရွားဆုံးသော လေဆိပ်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ပျောက်ဆုံး

ဟီးသရိုးလေဆိပ် ဆိုက်ရောက် ထွက်ခွာအမှတ်(၅)လေဆိပ်သစ် အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို လွန်ခဲ့သောလက ကျင်းပရာတွင် လေဆိပ်ရှိ စနစ်တစ်ခု အဆင်မပြေဖြစ်ခဲ့၍ ခရီးစဉ်ရာပေါင်းများစွာ ပယ်ဖျက်ခဲ့ရပြီး ခရီးသည်အိတ်များ ပျောက်ဆုံးခဲ့ရသည်။

အမ်အင်န်အေ၊ရိုက်တာ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျောမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲအတွင်းရှိ ယာယီမဏ္ဍပ်၌ ကျေးရွာ ၁၆ ရွာတို့မှ ဒေသခံပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေရှိရန်လိုအပ် တိုင်းပြည်နှင့် လူမျိုး၏ ပကတိအရှိတရားပေါ်အခြေခံ၍ အကောင်းဆုံးရေးဆွဲထား

နေပြည်တော် မေ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၂၅ ရက် နံနက် ၈ နာရီတွင် ဂန့်ဂေါမြို့ သာသနာ့ဗိမာန်၌ကျင်းပသော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြောက်ကုန်းရပ်ကွက်၊ စည်ပင်သာယာရပ်ကွက်၊ ကျောတိုက်ရပ်ကွက်၊ မြို့မရပ်ကွက်၊ ရှံုးရှီ၊ လုံခြုံ၊ အနောက်ဂန့်ဂေါ၊ အုတ်လှ၊ ဇာဟော၊ လုံဟော၊ ဇီးပြား၊ အန်းတား၊ ယောင်နက်၊ မကျည်းခင်း၊ တောင်ပြင်၊လယ်မ၊မဲ၊ပြည့်ဝ၊ ပျား၊ လာပို့၊ စိုင်ဒူး၊ ရွာစည်၊ ရွာသစ်၊ ပိုဦး၊ ကွမ်းဇဲ၊ ကျော်ရွာ စသည့် ရပ်ကွက်၊ကျေးရွာ ၂၆ ရွာတို့မှ ဒေသခံ ပြည်သူ ၄၀၀၀ ကျော် တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ တက်ရောက်လာကြသော ဒေသခံပြည်သူများကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

လှူဒါန်း

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက လာပို့ကျေးရွာ တို့ချဲ့ကျောင်းဆောင်အတွက် ငွေကျပ်သုံးသိန်း၊ ရှံုးရှီကျေးရွာ သောက်သုံးရေကန် ဆောက်လုပ်ရန်အတွက် ငွေကျပ် နှစ်သိန်း၊ ဇီးပြားကျေးရွာ သောက်သုံးရေကန် ဆောက်လုပ်ရန်အတွက် ငွေကျပ်နှစ်သိန်း၊ ပျားကျေးရွာ တိုးချဲ့ကျောင်းဆောင်အတွက် ငွေကျပ်နှစ်သိန်း၊ ဂန့်ဂေါခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် ပံ့ပိုးငွေကျပ်နှစ်သိန်း စုစုပေါင်းလှူဒါန်းငွေကျပ် ၁၁သိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပစ္စည်းများကိုလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အိမ်သုံး၊ လူသုံးပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လည်းကောင်း ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံ

ယင်းနောက် ဗဟိုအတွင်းရေးမှူးသည် ခေါင်းတုံကျေးရွာ ပက်ဖူးရောင် လူငယ်စာကြည့်တိုက်သို့ရောက်ရှိပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် ခေါင်းတုံကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကာ မွန်းလွဲ ၁ နာရီတွင် ကျောမြို့ အခြေခံပညာ အထက်တန်းကျောင်းခွဲအတွင်းရှိ ယာယီမဏ္ဍပ်၌ ပြုလုပ်သော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ယင်းတွေ့ဆုံပွဲသို့ ဝါးပင်၊ ကြက်ရိုး၊ လယ်ခမွေ၊ ဖုန်းစိုးကြယ်၊ ခေါင်းတင်၊ ဖံမွေး၊ စကား၊ ကျဲ၊ နံ့ကြီး၊ ကန့်သက်၊ ကျော၊ ကျွဲကိုင်း၊ ရွာငယ်၊ ပဲမစား၊ ရွှေပင်၊ စခါး စသည့်ကျေးရွာ ၁၆ရွာတို့မှ ဒေသခံပြည်သူ ၂၂၀၀ ကျော် တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲ၌ ဒေသခံ ပြည်သူများကိုယ်စား တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

လက်ခံ

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် လှူဒါန်းငွေအဖြစ် ကြက်ရိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် ငွေကျပ် သုံးသိန်း၊ ကျွဲကိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ်တစ်သိန်း၊ ကန့်သက်အခြေခံပညာမူလတန်းကျောင်းအတွက် ငွေကျပ် နှစ်သိန်း၊ ဖံမွေးကျေးရွာ ချောင်းကူးတံတား ပြုပြင်ရန်အတွက် ငွေကျပ် တစ်သိန်း၊ ကျဲကျေးရွာသောက်သုံးရေရရှိရေးအတွက် ငွေကျပ်တစ်သိန်း၊ ရွာငယ်ကျေးရွာ မီးလုံခြုံရေးအတွက် ငွေကျပ်တစ်သိန်း၊ စုစုပေါင်းလှူဒါန်းငွေကျပ်ကိုးသိန်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာပစ္စည်းများကို လည်းကောင်း၊ ဒေသခံပြည်သူများအတွက် အိမ်သုံးလူသုံးပစ္စည်းများကိုလည်းကောင်း၊ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

တိုက်တွန်း

ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲ အခမ်းအနားများတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်အောင် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူတစ်ရပ်လုံးလိုလားတောင့်တလျက်ရှိသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်လာရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်၏ စတုတ္ထအဆင့်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုကြရတော့မည် ဖြစ်ကြောင်း၊ ဤကိစ္စသည် ပြည်သူများတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးကိစ္စဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်နိုင်ရန်အတွက် ပထမဦးဆုံးလိုအပ်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေရှိရန် ဖြစ်ကြောင်း၊ မကြာမီပြည်သူတစ်ရပ်လုံးက အတည်ပြုကြရမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယနေ့ မိမိတို့တိုင်းပြည်နှင့်လူမျိုး၏ ပကတိအရှိတရားပေါ် အခြေခံ၍ အကောင်းမွန်ဆုံးဖြစ်အောင် ရေးဆွဲထားကြောင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက် တည်ငြိမ်မှုနှင့် လုံခြုံမှုကို အပြည့်အဝ အာမခံချက်ပေးထားကြောင်း၊ အလုပ်သမား၊ လယ်သမား၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ စသည့် လူထုလူတန်းစား အလွှာအသီးသီးအတွက် အာမခံချက် အပြည့်အဝ ပါဝင်ကြောင်း၊ ထို့ပြင် ပြည်သူတစ်ရပ်လုံးအတွက် ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် ငွေကြေးဆိုင်ရာ အာမခံချက်အပြည့်အဝ ပါဝင်ကြောင်း၊ သို့ဖြစ်၍ ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို တစ်ခဲနက်ထောက်ခံ အတည်ပြုခြင်းဖြင့် မိမိတို့၏ အနာဂတ် နိုင်ငံတော်သစ်ကို မိမိတို့ကိုယ်တိုင် ဖန်တီးခွင့်အား အမိအရ ရယူဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ဖြည့်ဆည်းပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ၂၀မှ ၂၅ရက်အထိ မကွေးတိုင်း ဂန့်ဂေါ ခရိုင်၊ ဆော၊ ထီးလင်း၊ ဂန့်ဂေါမြို့နယ်များအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မြို့နယ်အတွင်း ကျေးရွာပေါင်း ၂၂၇ ရွာမှ ပြည်သူ ၅၀၀၀၀ ခန့်နှင့် တွေ့ဆုံခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ငွေကြေး၊ စာအုပ်စာစောင်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်း၍ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်ပွဲ

* အခြေခံဥပဒေ
ဒို့တစ်တွေ ရေးဆွဲကြ၊
ပြီးပြည့်စုံ အောင်မြင်သမို့
ရွှင်လန်း တက်ကြွ။

* ပြည်သူ့ထံ တင်ပြလို့
ဆန္ဒကိုခံယူ
ဒို့ပြည်သူ တစ်ရပ်လုံး
စည်းလုံး ညီတူ
အမှန် အသိ တံခွန်ထူ
ပြည်သူတွေ လိုလားတဲ့ ဥပဒေများ၊

* အတည်ပြုစို့
ဒို့ထောက်ခံမည်
စည်းလုံးညီတဲ့ ဒို့နှလုံးသား၊
ခရီးဆုံးထိ ဒို့ကြိုးစား။ ။

ခြိမ့်နိုင်

သန္တိသုခကျောင်းဆောင် ပြုပြင်ရန်ငွေလှူဒါန်း

ရန်ကုန် မေ ၁

လှည်းကူးမြို့နယ် ကံ့ကော်ကျွန်း တောရရိပ်သာကျောင်းတိုက်အတွင်း ပျက်စီးယိုယွင်းနေသော သန္တိသုခကျောင်းဆောင်ကို ပြန်လည်ပြုပြင်ရန်အတွက် ဒေါ်ကြီးမြင့်မိသားစု၊ ၄/(ခ)ရပ်ကွက် ပြည်ထောင်စုလမ်း သဃ်န်းကျွန်းမြို့နယ်က ငွေကျပ် ၄၀၀၀၀၀ကိုလည်းကောင်း၊ ရွှေဘုန်းပွင့် စေတီဘုရားပွဲတော်အတွက် ဦးအောင်မောင်း-ဒေါ်မူမူအေး မိသားစု အမှတ်(၆၇) နံ့သာလမ်းအလုံမြို့နယ်က ငွေကျပ် ၄၅၀၀၀၀ ကိုလည်းကောင်း ဆရာတော်ထံ လာရောက်လှူဒါန်းကြသည်။ အလှူရှင်များသည် ဦးမြဝိတ်-ဒေါ်ကျင်အေး ဖုန်း-၆၂၉၂၉၂၊ ဦးဌေးလွင်-ဒေါ်စန်းစန်းထွေး ဖုန်း-၆၂၉၉၃၄ နှင့် ဦးအောင်မောင်း-ဒေါ်မူမူအေး ဖုန်း-၀၉-၅၁-၄၄၁၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့တို့ ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်) စွန်ထော်ရဝဲ့တို့ ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့က အစိုးရအိမ်တော်၌ အခမ်းအနားဖြင့် ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်) စွန်ထော်ရဝဲ့က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်ရန် ဧပြီ ၃၀ရက် နံနက် ၈နာရီမိနစ် ၅၀တွင် ခေတ္တတည်းခိုသည့် Plaza Athenee ဟိုတယ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာခဲ့ရာ နံနက် ၉နာရီတွင်ထိုင်းနိုင်ငံ အစိုးရအိမ်တော်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့က လှိုက်လှဲခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် Thai Koo Fah Building ရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အလေးပြုခံ

ယင်းနောက် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ထိုင်းနိုင်ငံ အစိုးရအိမ်တော် Thai Koo Fah Building မြက်ခင်းပြင်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ထိုင်းဘုရင့်တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံသီချင်းတို့ကို တီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးသည်။

မိတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံဝန်ကြီးချုပ်က ၄င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီး၊ ဝန်ကြီးချုပ်၏ အတွင်းဝန်ချုပ်၊ ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကြည်း၊ရေ၊လေ ဦးစီးချုပ်များနှင့် ထိုင်းရဲတပ်ဖွဲ့ရဲချုပ်တို့နှင့် မိတ်ဆက်ပေးသည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ်က ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စတာ စမတ်(ခ်) စွန်ထော်ရဝဲ့အား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဗန်ကောက်မြို့သို့ရောက်ရှိ

နေပြည်တော် မေ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလျက် ဧပြီ ၂၉ရက် မွန်းတည့် ၁၂နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်လေတပ်မတော်ဌာနချုပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီတွင် ရောက်ရှိသည်။

ခရီးဦးကြိုဆိုနှုတ်ဆက်

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ အထူးလေယာဉ်သည် ထိုင်းဘုရင့်လေတပ်မတော်ဌာနချုပ်သို့ ဆိုက်ရောက်ချိန်တွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးရဲဝင်းနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် H.E. Mr. Somsakdi Suriyawongse တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လေယာဉ်ပေါ်မှ ဆင်းသက်လာရာ လေယာဉ်လှေကားထိပ်မှ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mingkwan Sangsuwan က ကြိုဆိုနှုတ်ဆက်ပြီး ဂုဏ်ပြုပန်းကုံး ပေးအပ်သည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာနဝန်ကြီး H.E. Mr. Mingkwan Sangsuwan က ၄င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ခရီးသွားလာရေးနှင့်အားကစားရေးရာ ဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Weerasak Kowsurat၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် H.E. Mr. Somsakdi Suriyawongse၊ ထိုင်းနိုင်ငံဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ်၊ ထိုင်းနိုင်ငံဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် မိတ်ဆက်ပေးသည်။

မိတ်ဆက်ပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မိမိနှင့်အတူ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ အဖြစ် လိုက်ပါလာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ထိုင်းဘုရင့် လေတပ်မတော်ဌာနချုပ် Terminal သို့ သွားရောက်ရာ ထိုင်းဘုရင့် လေတပ်မတော် ဂုဏ်ပြုတပ်ဖွဲ့ကကြိုဆို ဂုဏ်ပြုကြသည်။ ထိုစဉ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်အား အမြောက် ၁၉ ချက်ပစ်ဖောက်၍ ဂုဏ်ပြုသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်အား မြန်မာအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်၍ ဂါရဝပြု ကြိုဆိုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးရဲဝင်း၏ဇနီး ဒေါ်အိအိခိုင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်ခင်မောင်စိုး၊ ဇနီးဒေါ်ကြည်ကြည်စန်းနှင့်သံရုံး၊စစ်သံရုံးမိသားစုများက ဂါရဝပြုကြိုဆိုနှုတ်ဆက်ကြသည်။

ဂါရဝပြုကြိုဆို

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးတို့သည် ထိုင်းဘုရင့်တပ်မတော်ဌာနချုပ် ဧည့်ခန်းမ၌ ခေတ္တရပ်နားကြပြီး ရင်းရင်းနှီးနှီး တွေ့ဆုံကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထိုင်းဘုရင့်လေတပ်မတော်ဌာနချုပ်မှ ခေတ္တတည်းခိုသည့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Plaza Athenee Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဗန်ကောက်မြို့ ထိုင်းဘုရင့်လေတပ်မတော်ဌာနချုပ်၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mingkwan Sangsuwan ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မြဲရန် နီးကပ်စွာဆောင်ရွက်သွားမည် မြန်မာနိုင်ငံနှင့် ပတ်သက်၍ အစဉ်တစိုက်ထောက်ခံအားပေးမှုအတွက် ကျေးဇူးတင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖြစ်ပေါ်ရေး တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခြေခံကောင်းများ ပေါ်ထွန်းရန်အရေးကြီး မြန်မာနိုင်ငံ၏ အိမ်နီးချင်းကောင်းပီသစွာ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့

နေပြည်တော် မေ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် **Thai Koo Fah Building** သို့ သွားရောက်ကြရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် မိတ်ဆက်ပေးသည်။

မိတ်ဆက်ပေး

ထို့နောက် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ထိုင်းနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် မိတ်ဆက်ပေးသည်။

နံနက် ၉နာရီ မိနစ် ၄၀တွင် ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနဝန်ကြီးဦးစိုးသာ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Noppadon Pattama ၊ ပြည်ထဲရေးဝန်ကြီး H.E. Pol. Capt Chalerm Ubumrung၊ တရားရေးဝန်ကြီး H.E. Mr. Sompong Amornwiwat ၊ ခရီးသွားလာရေးနှင့် အားကစားရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မှူးကြီးမောင်အေးက လည်းကောင်း အဆွေတော်ကျန်းမာချမ်းသာစေရန် ဆုတောင်းမေတ္တာ ပို့သလိုက်ပါကြောင်း။

အဆွေတော်မြန်မာနိုင်ငံခရီးစဉ်မှ ပြန်သွားပြီးနောက် ထိုင်းနိုင်ငံတွင် မိမိတို့ နိုင်ငံအကြောင်း အပြုသဘော မြန်မာ-ထိုင်း အဝေးပြေးလမ်းမကြီးဖောက်လုပ်ရေး စသည့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမြှင့်တင်ရေး ကိစ္စများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ-ထိုင်းသံတမန်အဆက်အသွယ် စတင်ထူထောင်သည့်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် **မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့က ထိုင်းအစိုးရအိမ်တော် Ivory Room ၌ ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် **မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့တို့ ထိုင်းအစိုးရအိမ်တော် Green Room၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ နှစ်နိုင်ငံ ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်ကြစဉ်။**

(သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ်သည် ထိုင်းအစိုးရအိမ်တော် Ivory Room သို့ သွားရောက်ပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက်နိုင်ငံတော် ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် မှတ်တမ်းဓာတ်ပုံ ရိုက်ကြသည်။

တက်ရောက်

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ထိုင်းနိုင်ငံတို့ နှစ်နိုင်ငံ ဆွေးနွေးပွဲ အခမ်းအနားကို ထိုင်းနိုင်ငံအစိုးရ အိမ်တော် Green Room ၌ သိန်းဆွေ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ဘုန်းဆွေ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးရဲဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စတာစမတ်(ခ်)စွန်ထော်ရဝဲ့နှင့်အတူ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် H.E.Mr.Mingkwan Sangsuwan၊

မှတ်သားဖွယ်ရာ မိုးရေချိန်

မော်လမြိုင်	၉ ဒသမ	၂၉ လက်မ
ကော့ကရိတ်	၉ ဒသမ	၂၁ လက်မ
ကျိုက္ခမီ	၇ ဒသမ	၉၅ လက်မ
မုဒုံ	၇ ဒသမ	၄၄ လက်မ
သထုံ	၆ ဒသမ	၀၃ လက်မ
ဘားအံ	၅ ဒသမ	၃၅ လက်မ
ရေး	၄ ဒသမ	၉၂ လက်မ
ရန်ကုန်	၂ ဒသမ	၄၄ လက်မ

H.E.Mr.Weerasak Kowsurat၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး H.E. Mr. Uraiwan Thienthong ၊ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General, Anupong Paojinda ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Bansarn Bunng နှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ စမတ်(ခ်)စွန်ထော်ရဝဲ့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ကျေးဇူးတင်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးပြောကြားရာတွင် အဆွေတော်ဝန်ကြီးချုပ်အနေဖြင့် မိမိအား ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ရန် ဖိတ်ကြားခဲ့ခြင်းနှင့် နွေးထွေးပျူငှာစွာ ကြိုဆိုမှု၊ ဧည့်ဝတ် ကျေပွန်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယ

ရှင်းလင်း ပြောကြားပေးခဲ့သည်များအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပဏာမပြောကြားသည်။

တိုးမြှင့်ဆောင်ရွက်

ဆက်လက်၍ မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေး ဖြစ်ပေါ် တိုးတက်မှု အခြေအနေများ၊ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက် အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို အကျဉ်းချုပ် ရှင်းလင်း ပြောကြားပြီးနောက် နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်းပီသစွာ ချစ်ကြည်ရင်းနှီးမှု၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ မူးယစ်ဆေးဝါး တားဆီး တိုက်ဖျက်ရေးအပါအဝင် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ရေအားလျှပ်စစ်စွမ်းအင်၊ သတ္တု၊ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍများ၌ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ထားဝယ်မြို့၌ ခေတ်မီ ရေနက်ဆိပ်ကမ်းတည်ဆောက်ရေး၊မြဝတီ-သင်္ကန်းညီနောင်မှတစ်ဆင့် မော်လမြိုင်မြို့သို့ လမ်းဆက်လက်ဖောက်လုပ်ရေး၊ ကချနာဘူရီနှင့်ထားဝယ် ရထားလမ်း၊ ကားလမ်းများ ဖောက်လုပ်ရေး၊ အိန္ဒိယ-

နှစ်(၆၀)ပြည့် အခမ်းအနားစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မြဲရေးအတွက် အဆွေတော်နှင့် နီးကပ်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဒေသတွင်းမှာရော နိုင်ငံတကာ မျက်နှာစာမှာပါ အစဉ်တစိုက်ထောက်ခံ အားပေးမှုများအတွက် ထိုင်းနိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

အရေးကြီး

ယင်းနောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေး ပြောကြားရာတွင် မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ပွင့်လင်းစွာ ရှင်းပြခဲ့သည့်အတွက်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ဖြစ်ပေါ်ရေးအတွက်နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် တိုင်းရင်းသား လူမျိုးများ၏ စည်းလုံးညီညွတ်မှုအခြေခံကောင်းများ ဦးစွာ ပေါ်ထွန်းစေရန် အရေးကြီးကြောင်း၊ ပြည်တွင်းရေး အခက်အခဲမရှိသော နိုင်ငံများအနေဖြင့် ဤအခြေအနေကို သဘောပေါက်ခြင်း မရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းကောင်း ပီသစွာ ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံဝန်ကြီးချုပ် နှစ်ဦးတို့သည် သင်္ကန်းညီနောင်-မြဝတီ - မော်လမြိုင်လမ်း၊ ကချနာဘူရီ-ထားဝယ် ရထားလမ်း၊ ကားလမ်းများဖောက်လုပ်ရေး ကိစ္စရပ်များ၊ စွမ်းအင်၊ ရေအားလျှပ်စစ်၊ သတ္တုနှင့် ကုန်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကိစ္စရပ်များတွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် နိုင်ငံအများလမ်းပန်း ဖြတ်သန်းဆက်သွယ်ဖောက်လုပ်ရေးနှင့် ဆန်စပါး တိုးမြှင့်ထုတ်လုပ်ရေး ကိစ္စများတွင် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖလှယ်ကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံအစိုးရအိမ်တော်မှ ထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုသည့် Plaza Athenee Hotel သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ညောင်ရိပ်သာဓမ္မဗိမာန်အတွက် ငွေလှူဒါန်း

ရန်ကုန် မေ ၁

သာကေတမြို့နယ် ၁၀၈တောင်ဘုရားအနီး ညောင်ရိပ်သာတရားစခန်းတွင် လစဉ် မြန်မာလဆန်း ၁၀ရက်မှ လပြည့်ကျော် ၁ ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းဖွင့်၍ လယ်တီဆရာတော်ကြီး၏ ကာယနုပဿနာနှင့် ဓာတုမနသိကာရနည်းအရ(ငန်းချောင်း) အရှင်ကေသရာဘိဝံသ ပဓာနနာယကဆရာတော်က တရားပြလျက်ရှိသည်။

ပေးအပ်လှူဒါန်း

ဓမ္မဗိမာန်တိုးချဲ့ ငါးထပ်ကျောင်းတော်ကြီးနှင့် တရားစခန်းအတွက် ဦးထွန်းလှိုင်-ဒေါ်လှိုင်တင်၊ သားသမီး၊ မြေး(ရွှေယမင်း)မိသားစု သင်္ဃန်းကျွန်းက အလှူငွေကျပ်သုံးသိန်း၊ ဦးထွန်းအုံ၊ ဒေါ်မိ (မော်လမြိုင်)အား ရည်စူး၍ ဦးမောင်မြင့်၊ ဒေါ်ငွေငွေ၊ ဦးအောင်စိန်မြ-ဒေါ်ရီရီခင်နှင့် သားသမီးများ (၇)ရပ်ကွက် သာကေတက ငွေကျပ်နှစ်သိန်းငါးသောင်း၊ ဦးသံချောင်းသမီးဒေါ်မြသိန်း၊မြေး မစုစုလှိုင် ဒေါ်ပုံကအလှူငွေကျပ် တစ်သိန်းငါးသောင်း၊ သိမ်၊ ကျောင်း၊ ဘုရား ဒါယကာကြီး ဦးသိန်းမောင် အသက်(၁၀၀) ၏ တစ်နှစ်ပြည့်၊ သမီး ဒေါ်သန်းစိန်မောင်နှမ၊သား၊ မြေး ၄၈လမ်း ရန်ကုန်က ဒုတိယအကြိမ် အလှူငွေကျပ်တစ်သိန်း၊ ဦးစိုးနိုင်-ဒေါ်စုစု၊ သားသမီး(သီရိမင်္ဂလာ)သံပရာဒိုင်ကဒုတိယအကြိမ် အလှူငွေကျပ် တစ်သိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

ဓမ္မဗိမာန် ငါးထပ်တရားစခန်းကျောင်းနှင့်ဝေယျာဝစ္စအတွက်စေတနာရှင်များသည် ဖုန်း-၅၄၇၀၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဦးလည်မသုန် ထမ်းပါကုန်အံ့

ကျော်မင်းအေး

ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံအတည်ပြုလိုက်တာနဲ့ မြန်မာနိုင်ငံသားတိုင်းဟာ ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ခွင့်တွေ ရလာမှာဖြစ်တယ်။ မိမိကိုယ်တိုင်လည်း ဥပဒေနဲ့အညီ ရွေးကောက်ပွဲဝင်လို့ ရလာပေလိမ့်မယ်။ သဘောကတော့ ဝါသနာပါရင် နိုင်ငံရေးကို တရားဝင် လုပ်လို့ရလာမယ်။ ဥပဒေနဲ့အညီ နိုင်ငံရေး ပါတီတွေ ထူထောင်ခွင့် ရလာမယ်။ ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခွင့်တွေ ရလာမယ်။ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်တွေ ရရှိလာပါလိမ့်မယ်။

ရဟန်းမှာ ဝိနည်း၊ ရွာကြီးမှာ စည်းရိုး၊ လူမျိုးမှာစည်းကမ်း ဆိုသလိုပဲ အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိကြတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံအတွင်းမှာရှိတဲ့ ဥပဒေအားလုံးရဲ့ အခြေခံဖြစ်တယ်။

ဥပဒေပြုရာမှာ ဖြစ်စေ၊ အုပ်ချုပ်ရာမှာ ဖြစ်စေ၊ တရားစီရင်ရာမှာ ဖြစ်စေ စည်းလွတ်ဝါးလွတ်မဖြစ်အောင်၊ ထင်ရာ မစိုင်းနိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အခြေခံမူများနဲ့အညီ အလေးဂရုပြု ဆောင်ရွက်ရတယ်။

တည်ဆဲဥပဒေတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်သမျှ အတည်ဖြစ်တယ်။ တည်ဆဲဥပဒေတွေကို အခြေခံဥပဒေအရ ပေါ်ပေါက်လာတဲ့ ပြည်ထောင်စုလွှတ်တော်ကသာ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်နိုင်တယ်။

တည်ဆဲနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်နဲ့ လုပ်ထုံးလုပ်နည်းတွေဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်သမျှ အတည်ဖြစ်တယ်။ အဲဒါတွေကို အခြေခံဥပဒေအရ ပေါ်ပေါက်လာတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်နိုင်တယ်။ ဥပဒေပြုအဖွဲ့အဆင့်ဆင့်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့ ဆန့်ကျင်နေရင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာကျင့်သုံးရမှာဖြစ်တယ်။

ဖော်ပြပါ အကြောင်းခြင်းရာတွေက ဘာကိုဆိုလိုနေသလဲ။(No man is above the law)ဥပဒေ၏ အထက်တွင် မည်သူမျှမရှိဆိုတာကို ပြဆိုနေတာပါပဲ။ ဘယ်သူမဆို ဥပဒေရဲ့ အထက်မှာ မည်သူမျှမရှိစေချင်ဘူး။ ဘယ်သူမဆို ဥပဒေအရာမှာ တန်းတူညီမျှ အခွင့်အရေး ရချင်ကြတယ်။ ဥပဒေရဲ့ အကာအကွယ်ကိုလည်း ခွင့်တူညီမျှ ရယူလိုကြတယ်။

ဥပဒေရဲ့ အထက်မှာ ဘယ်သူမှ မရှိအောင်၊ ဥပဒေအရာမှာ တန်းတူညီမျှရရှိအောင်၊ ဥပဒေရဲ့ အကာအကွယ်ကို ခွင့်တူညီမျှ ခံယူနိုင်အောင် ဘယ်ပုဂ္ဂိုလ်၊ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းကမှ အာမခံချက် ပေးနိုင်မှာမဟုတ်ဘူး။

အာမခံချက် အခိုင်အမာပေးနိုင်တဲ့ တစ်ခုတည်းသောအရာက ဖွဲ့စည်းပုံအခြေခံဥပဒေပဲဖြစ်တယ်။ ဒီလောက်နဲ့တင် အခြေခံဥပဒေ မရှိခြင်းရဲ့ အဖြစ်နဲ့ အခြေခံဥပဒေရှိခြင်းရဲ့ အကျိုးကို နားလည်သဘောပေါက်နိုင်ပါလိမ့်မယ်။ ဒါကြောင့်မို့ အခြေခံဥပဒေဆိုတာ မရှိ မကောင်း၊ ရှိမှကောင်းမယ်။ အခြေခံဥပဒေဆိုတာ မရှိမဖြစ်၊ ရှိမှဖြစ်မယ်လို့ ဆိုချင်ပါတယ်။

ထို့အတူပဲ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်တာနဲ့ အမျှ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ကြောင်း အာမခံနိုင်လိမ့်မယ်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်လာလိမ့်မယ်။ ဈေးကွက်စီးပွားရေးစနစ်ကိုလည်း ပီပီပြင်ပြင် ဖော်ဆောင်ကျင့်သုံးနိုင်ကြပေလိမ့်မယ်။ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးဝါဒကိုလည်း ဆက်လက်ကျင့်သုံးနိုင်မှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံအတည်ပြုလိုက်တာနဲ့ မြန်မာနိုင်ငံသားတိုင်းဟာ ဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်ခွင့်တွေ ရလာမှာဖြစ်တယ်။ မိမိကိုယ်တိုင်လည်း ဥပဒေနဲ့အညီ ရွေးကောက်ပွဲဝင်လို့ ရလာပေလိမ့်မယ်။ သဘောကတော့ ဝါသနာပါရင် နိုင်ငံရေးကို တရားဝင် လုပ်လို့ရလာမယ်။ ဥပဒေနဲ့အညီ နိုင်ငံရေးပါတီတွေ ထူထောင်ခွင့်ရလာမယ်။ ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခွင့်တွေ ရလာမယ်။ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်တွေ ရရှိလာပါလိမ့်မယ်။

တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးနဲ့ အလုပ်သမားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်တဲ့ ဥပဒေတွေကို ပြဋ္ဌာန်းဆောင်ရွက်ခွင့် ပေးထားပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေရဲ့ လုပ်ငန်းခွင် အာမခံချက် ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီး ဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနဲ့ အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေးအတွက် လိုအပ်တဲ့ ဥပဒေတွေ ပြဋ္ဌာန်းပေးသွားမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေက စီးပွားရေးဆိုင်ရာ လုပ်ငန်းတွေကို နိုင်ငံပိုင် သိမ်းခွင့်မပြုဘူးလို့ အာမခံချက် ပေးထားတယ်။ တရားဝင် ထုတ်ဝေထားတဲ့ ငွေကြေးကိုလည်း တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဘူးလို့လည်း ကတိပေးထားတယ်။ အများပြည်သူတို့ရဲ့ နေထိုင်မှု အဆင့်အတန်း မြှင့်တင်ပေးဖို့၊ အထွေထွေအရင်းအနှီးတွေ တိုးတက်ဖွံ့ဖြိုးစေဖို့ ရှေးရှုဆောင်ရွက်ပေးသွားပါလိမ့်မယ်။ ပြည်သူတွေ အလုပ်လက်မဲ့နည်းပါးအောင် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမှာလည်းဖြစ်ပါတယ်။ စက်မှုလက်မှုလုပ်ငန်းတွေ ပိုမိုတိုးတက်ဖွံ့ဖြိုးအောင် လိုအပ်တဲ့နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိတာတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားပါလိမ့်မယ်။

ဒါတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံအတည်ပြုခြင်းကြောင့် ရရှိလာမယ့် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာအကျိုးခံစားခွင့်တွေထဲက ကောက်နုတ်ပြီး ထင်သာမြင်သာအောင် ဖော်ပြထားသမျှသာ ဖြစ်တယ်။ အခြေခံဥပဒေမူကြမ်းကို ထဲထဲဝင်ဝင်၊ ခြေခြေမြစ်မြစ်လေ့လာလေလေ အကျိုးခံစားခွင့်တွေ တွေ့လေလေလို့ ဆိုပါရစေ။

တကယ်လို့များ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းမှာ ပေးအပ်ထားတဲ့ အခွင့်အရေး တစ်ရပ်ရပ်ကို အကြောင်းကြောင်းကြောင့်မရဘူးလို့ယူဆရင်လည်း ရယူလိုကြောင်း သတ်မှတ်ချက်တွေနဲ့အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လျှောက်ထားပိုင်ခွင့်ရှိပါတယ်။ လျှောက်ထားနိုင်ဖို့ အခွင့်အရေးပေးထားပါတယ်။

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၀၀ ကျော် စုပေါင်းနေထိုင်တဲ့ နိုင်ငံဖြစ်တယ်။ စုပေါင်းနေထိုင်တယ်ဆိုတဲ့အတိုင်း ရှေးနှစ်ပေါင်း ၁၀၀၀ကျော်ကတည်းက နိုင်ငံအနှံ့မှာ နယ်နိမိတ်အကန့်အသတ်မထားဘဲ ခြေဆန့်နေထိုင်လာခဲ့ကြတယ်။ ယခု အခြေခံဥပဒေကလည်း နိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသမှာမဆို နိုင်ငံသား(တိုင်းရင်းသား) တိုင်းကို ဥပဒေနဲ့အညီ အခြေစိုက်နေထိုင်ခွင့် ပြုထားတယ်။

အဲဒီလို နေထိုင်မှုကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အတွင်းမှာ လူနည်းစုဖြစ်လို့ အားငယ်စရာမရှိပါဘူး။ မြန်မာတိုင်းရင်းသားအားလုံးဟာ မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ကြီးမားသူများဖြစ်တယ်။ မြန်မာတိုင်းရင်းသားတွေဟာ မွေးရာပါ ဒီမိုကရေစီဗီဇပါသူများ (Born Democratic)ဖြစ်ကြတယ်။ လူမျိုးအရ၊ လိင်အရ၊ ဇာတ်အနိမ့်အမြင့်အရ ခွဲခြားဆက်ဆံမှုမပြုသူများလည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဘယ်ပြည်နယ်၊ တိုင်းကိုသွားသွား တိုင်းရင်းသားလူမျိုးတွေ အနည်းအများပြန့်ကျဲပြီး ဒေသနေတိုင်းရင်းသားတွေနဲ့ စုပေါင်းနေထိုင်လျက်ရှိတာ တွေ့ရပါလိမ့်မယ်။ ရှေးအစဉ်အဆက်က ယနေ့အထိ ချစ်ကြည်ရင်းနှီးမှုမပျက်ပြိုင် ခိုင်မြဲနေတာပါ။

အခု ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရှိရင်းစွဲ တိုင်း(၇)ခုကို တိုင်းဒေသကြီး(၇)ခုအဖြစ် ဆက်လက်သတ်မှတ်ထားသလို ရှိရင်းစွဲ ပြည်နယ်(၇)ပြည်နယ်ကို ပြည်နယ်(၇)ပြည်နယ်အဖြစ် ဆက်လက် သတ်မှတ်ထားတယ်။ ၎င်းတို့ရဲ့အမည်တွေကိုလည်း ရှိရင်းစွဲအတိုင်း ခေါ်ဆိုထားတယ်။ ဒါ့အပြင် နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့် တိုင်းရင်းသားတွေအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးနဲ့ “ဝ” တိုင်းရင်းသားတွေအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းအဖြစ် စံနှုန်း(၃)ရပ်နဲ့အညီ သတ်မှတ် ဖွဲ့စည်းထားတယ်။ အဲဒီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း (၁)ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(၅)ခု ဖွဲ့စည်းမှုဟာ အခြေခံဥပဒေကို အတည်ပြုမှသာ ဖြစ်တည်လာပါလိမ့်မယ်။

အလားတူပဲ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အတွင်းမှာ နေထိုင်ပြီး တိုင်းဒေသကြီး/ပြည်နယ်မရရှိကြသေးတဲ့၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ဒေသမရရှိကြတဲ့ တိုင်းရင်းသားလူနည်းစုတွေအနေနဲ့ လူနည်းစုဖြစ်လို့ အားငယ်စရာမဖြစ်ရအောင် အခုအခြေခံဥပဒေက ဖြည့်ဆည်းပေးထားတဲ့ ပြဋ္ဌာန်းချက်တွေလည်း ပါရှိနေပါသေးတယ်။ အကယ်လို့သာ အဲဒီတိုင်းရင်းသားတွေရဲ့နေထိုင်မှု လူဦးရေဟာ နိုင်ငံလူဦးရေရဲ့ ၀ဒသမ၁ ရာခိုင်နှုန်းနဲ့ အထက်ရှိနေမယ်ဆိုရင် တိုင်းရင်းသားလူမျိုးအသီးသီးအနေနဲ့ လူမျိုးတစ်မျိုးလျှင် တစ်ဦးကျ ရွေးကောက်တင်မြှောက်တဲ့ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နေရာကို ရရှိကြမှာဖြစ်ပါတယ်။ အဲဒီကိုယ်စားလှယ်ဟာ သက်ဆိုင်ရာ ဥပဒေပြုအဖွဲ့(တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်)မှာ ပါဝင်ဥပဒေပြုခွင့်ရမှာဖြစ်သလို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ (တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့)မှာ တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ပါဝင်အုပ်ချုပ်ခွင့်လည်း ရရှိမှာဖြစ်ပါတယ်။

အဲဒါတွေအားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုနိုင်မှ ရရှိလာမယ့် လက်ငင်းလက်တွေ့အခွင့်အရေးတွေပါ။ ဒါကြောင့်မို့ **ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ပြုရေးဟာ ယနေ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အမျိုးသားရေးတာဝန်ဖြစ်တယ်ဆိုတာ အလွန်ပင်သိသာထင်ရှားနေပါပြီ။ အမျိုးသားရေးအကျိုးလိုလားသူတိုင်း၊ မိမိတို့ရဲ့ အနာဂတ်ကို မိမိတို့ ကိုယ်တိုင်ဖန်တီးလိုသူတိုင်း အခြေခံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် ထောက်ခံမဲပေးရတဲ့အဓိပ္ပာယ်ကို သိရှိနားလည်ကြမယ်လို့ ယူဆပါတယ်။**

တစ်ခါတုန်းက ရိုးသားဖြူစင်တဲ့ လူတစ်ယောက်ဟာ လက်ဆောင်ရတဲ့ ဆိတ်တစ်ကောင်ကို ထမ်းပြီး အိမ်ပြန်လာသတဲ့။မသမာသူလူလိမ်သုံးဦးဟာ အဲဒီဆိတ်ကို မတရားလိုချင်တာနဲ့ ခရီးလမ်းအဆင့်ဆင့်ကနေ တစ်ဦးက အဆွေတော် အဘယ့်ကြောင့် ခွေးကို ထမ်းလာရတာလဲလို့ မေးတယ်။ နောက်တစ်ဦးကလည်း မိတ်ဆွေဘာကြောင့် နွားသေကလေးကို ထမ်းလာရသလဲလို့ဆိုတယ်။ ကျန်တစ်ဦးကလည်း ရောင်းရင်းဘာဖြစ်လို့ မြည်းကိုထမ်းလာရသလဲလို့ ပြောတယ်။ အဲဒီလို အကြိမ်ကြိမ်အထပ်ထပ် မဟုတ်မမှန် လုပ်ကြံပြောဆိုမှုဒဏ်ကြောင့် ရိုးသားဖြူစင်သူလူဟာ သူထမ်းလာတဲ့ ဆိတ်ကို ဆိတ်ဟုမမြင်တော့ဘဲ အသွင်အမျိုးမျိုးပြောင်းတဲ့ မကောင်းဆိုးဝါးများ ဖြစ်လေမလားလို့ ယုံမှားသံသယစိတ်နဲ့ ဆိတ်ကို ပစ်ချထွက်ပြေးသွားတယ်။ အဲဒီတော့မှ လူလိမ်လူညာသုံးဦးဟာ ဆိတ်ကို ဖမ်းယူကြပါသတဲ့။ အဲဒီပုံပြင်လေးကို ဆောင်းပါးတစ်ပုဒ်ထဲမှာ ဖတ်ဖူးလိုက်တာပါ။

မိမိတို့တိုင်းရင်းသားပြည်သူများ သယ်ပိုးလာခဲ့သည်မှာ ပုံပြင်ထဲကလို ဆိတ်ပင်မဟုတ်ချေ။ သားရွှေအိုးထမ်း အပြန်လမ်း စင်စစ်ကေန်ဖြစ်ပါတယ်။ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ကိုယ်စားပြုထားတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်လာခဲ့တာပါ။ ဒါကြောင့်မို့ ဦးလည်မသုန် ထမ်းပါကုန်လော့လို့သာ ဆက်လက်တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

အခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြည်သူချစ်သော အနုပညာရှင်များ၏ ရင်တွင်းပီတိစကား

တွေ့ဆုံမေးမြန်းသူ-မြင့်မောင်စိုး ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လှုံ့ဆော်ရေးဓာတ်လမ်း၊ တေးသီချင်းတို့တွင် ပါဝင်ခဲ့သည့် အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုသည့် ညစာစားပွဲကို ဧပြီ၃၀ရက် ညနေပိုင်းက ကရဝိက်ခန်းမ၌ကျင်းပရာ မြန်မာ့အလင်းသတင်းအဖွဲ့က အခမ်းအနားသို့ တက်ရောက်လာသော အနုပညာရှင်အချို့နှင့်တွေ့ဆုံကာ မေးမြန်းဖော်ပြလိုက်ပါသည်-

ဦးသိန်းထွန်းအောင် (မြန်မာ့ရုပ်ရှင်လုပ်ငန်းညွှန်ကြားရေးမှူး)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လှုံ့ဆော်ရေးဓာတ်လမ်းရိုက်ကူးဖို့ ဆောင်ရွက်တဲ့အခါမှာ ပြည်သူတစ်ရပ်လုံး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံ အတည်ပြုပေးဖို့ လှုံ့ဆော်ပေးတဲ့ဓာတ်လမ်းမျိုးတွေ၊ ဒီလို အခြေခံဥပဒေမူကြမ်း အတည်ပြုထောက်ခံတဲ့အခါ မလိုလားအပ်တဲ့ ဘေးပယောဂတွေသိရှိပြီး ပြည်သူတစ်ရပ်လုံးက လက်ခံတဲ့ ဓာတ်လမ်းမျိုးတွေကို သက်ဆိုင်ရာဓာတ်လမ်း၊ ဓာတ်ညွှန်းရေးသားသူတွေနဲ့ ညှိနှိုင်း ဆောင်ရွက်ခဲ့ပါတယ်။ စုစုပေါင်း လှုံ့ဆော်ရေးဓာတ်ကား ခြောက်ကား ရိုက်ကူးနိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။

မိုးဒီ(ရုပ်ရှင်သရုပ်ဆောင်)

ဒါရိုက်တာ ဇော်မြင့်ဦး ရိုက်ကူးတဲ့ **"စိတ်အားထက်သန် ဆန္ဒအမှန်"**ဓာတ်ကားမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဒီဓာတ်ကားမှာ မျိုးချစ်စိတ်ရှိသူတိုင်း မဲပေးရမယ်လို့ ကျွန်တော် ပြောခဲ့တဲ့အတိုင်းပါပဲ။ တကယ့်ကိုအမျိုးသားရေး အကျိုးလိုလားသူတိုင်း ထောက်ခံမဲပေးကြရမှာ ဖြစ်ပါတယ်။

မောင့်စိ (ရုပ်ရှင်သရုပ်ဆောင်)

ဒါရိုက်တာမောင်တင်ဦး ရိုက်ကူးတဲ့ **ဒါဒို့ရွာ** ဓာတ်လမ်းမှာပါဝင် သရုပ်ဆောင်ထားပါတယ်။ ဒီဓာတ်လမ်းနှင့်အတူ နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်နေတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုဖို့ အနုပညာရှင်တစ်ဦး အနေနဲ့ ပါဝင်ခွင့်ရလို့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

နန်းဆုရတီစိုး (ရုပ်ရှင်သရုပ်ဆောင်)

ဒီလိုပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးမှာ အနုပညာရှင်တစ်ဦးအနေနဲ့ တစ်ဖက်တစ်လမ်းက ပါဝင်ကူညီခွင့်ရတာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒါ့အပြင် ဒီလိုကြုံတောင့်ကြုံခဲ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးမှာ ပါဝင်ဆောင်ရွက်ခွင့်ရတာဟာလဲ ဘဝအတွက် အမှတ်တရ ဖြစ်စေပါတယ်။

ရက်တယ် (ရုပ်ရှင်သရုပ်ဆောင်)

ဒီလို ကြုံတောင့်ကြုံခဲ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးမှာ အနုပညာရှင် တစ်ဦးအနေနဲ့ ပြည်သူတွေကို စည်းရုံးနိုင်ရေးတတ်ကျွမ်းတဲ့ အနုပညာတွေနဲ့ တင်ဆက်ပါဝင်ခွင့်ရလို့ ဝမ်းမြောက်မိပါတယ်။

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးမှာ အနုပညာရှင်များ ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်မှုကြောင့် အောင်အောင်မြင်မြင် ဖြစ်မယ်လို့ လက်ခံယုံကြည်ထားပါတယ်။

အကယ်ဒမီ မောင်တင်ဦး

ကျွန်တော်တို့ နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ရှိကိုရှိရမှာပါ။ ဒါမှလဲ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ မရှိမဖြစ် လိုအပ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ လိုအပ်ချက်တစ်ခုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်တိုင်းပြည်လုံးအနေနဲ့ ထောက်ခံအတည်ပြုရေးပါပဲ။ ဒီအတွက် ရုပ်ရှင်လောကသားတစ်ဦးအနေနဲ့ မိမိတတ်ကျွမ်းတဲ့ အနုပညာနဲ့ အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ ပါဝင်ပြီး ဓာတ်လမ်းရိုက်ကူး တင်ဆက်ပြသခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

ကိုင်ဇာ (တေးသံရှင်)

မကြာမီမှာ ကျင်းပတော့မယ့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ပြည်သူအားလုံးရဲ့ အရေးဟာ ကျွန်တော်တို့ရဲ့ အရေးဖြစ်သလို နိုင်ငံတော်အရေးဟာလဲ ကျွန်တော်တို့ အနုပညာရှင်တွေရဲ့ အရေးပါပဲ။ ဒါကြောင့် ဒီပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးဟာ တစ်မျိုးသားလုံးရဲ့အရေး ဖြစ်နေတဲ့အတွက် ပါဝင်သီဆို ဖျော်ဖြေခွင့်ရတာ ဝမ်းမြောက်စရာ ဖြစ်ပါတယ်။

တေးသံရှင် တက္ကသိုလ်လဲ့လဲ့

ကျွန်မအနေနဲ့ကတော့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ဖို့ ပြည်သူတွေကို ဂီတနဲ့ စည်းရုံးတဲ့နေရာမှာ ဝဏ္ဏကျော်ထင် ဦးစိန်မြမောင် သီကုံးရေးစပ်တဲ့ **"အခြေခံဥပဒေ အတည် ပြုမည်"**ဆိုတဲ့ သီချင်းနဲ့ ပါဝင်သီဆို ဖျော်ဖြေခွင့်ရပါတယ်။ ဒီအတွက်လည်း အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကျွန်မတို့ဂီတအဖွဲ့က တေးသီချင်း ၃၈ ပုဒ် သီဆိုဖျော်ဖြေထားပါတယ်။

အကယ်ဒမီ စိုးမြတ်နန္ဒာ (ရုပ်ရှင်သရုပ်ဆောင်)

ကျွန်မအနေနဲ့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ စည်းရုံးလှုံ့ဆော်ရေးဓာတ်ကား ရိုက်ကူးတင်ဆက်ရာမှာ **"အမှန်ချစ်လို့ အမှန်ခြစ်စို့"** ဆိုတဲ့ ဓာတ်ကားမှာ ဆရာမတစ်ဦးအဖြစ်သရုပ်ဆောင်ထားပါတယ်။ အနုပညာရှင် တစ်ဦးနေနဲ့ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ကူညီခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။

မင်းထက်ကျော်ဇင် (ရုပ်ရှင်သရုပ်ဆောင်)

"အမှန်ချစ်လို့ အမှန်ခြစ်စို့" ဆိုတဲ့ ကားမှာ သရုပ်ဆောင်ထားပါတယ်။ အနုပညာရှင်တစ်ဦးအနေနဲ့ တစ်မျိုးသားလုံးအတွက် လိုအပ်နေတဲ့ အခြေခံဥပဒေမူကြမ်း အတည်ပြုဖို့ တစ်တပ်တစ်အား ပါဝင်ခွင့်ရလို့ ဝမ်းသာပီတိ ဖြစ်မိပါတယ်။ ။

(မြန်မာ့အလင်း)

အမျိုးသားရေးအကျိုးလိုလားသူတိုင်း ထောက်ခံမဲပေးကြ။ **မိုးဒီ**

အနုပညာရှင်တစ်ဦးအနေနဲ့ ပါဝင်ခွင့်ရလို့ ဂုဏ်ယူ။ **မောင့်စိ**

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးမှာ ပါဝင်ဆောင်ရွက်ခွင့်ရတာဟာလဲ ဘဝအတွက် အမှတ်တရ။ **နန်းဆုရတီစိုး**

ကျွန်တော်တို့နိုင်ငံမှာဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ ရှိကိုရှိရမှာ။ **မောင်တင်ဦး**

ကျွန်မတို့ ဂီတအဖွဲ့က တေးသီချင်း၃၈ပုဒ် သီဆို ဖျော်ဖြေထား။ **တက္ကသိုလ်လဲ့လဲ့**

အမှန်ချစ်လို့ အမှန်ခြစ်စို့ဆိုတဲ့ ဓာတ်ကားမှာ ဆရာမတစ်ဦး အဖြစ် သရုပ်ဆောင်ထားပါတယ်။ **စိုးမြတ်နန္ဒာ**

ကမ္ဘာအေးတိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် နှစ်ပတ်လည်ပူဇော်ပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မေ ၁

ကျေးဇူးတော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မာ ပါဠိပါရဂူ ပရိယတ္တိသာသနာလင်္ကာရ အကျော် ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ (Ph.D) ဆရာတော်ကြီး၏ မွေးနေ့ရက်မြတ်တွင် နှစ်ပတ်လည်ပူဇော်ပွဲ၊ ဖောခိပူဇာ မင်္ဂလာ ဗိမာန်တော်ဖွင့်ပွဲ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တကဝိဇနှင့် တိပိဋကဓရ စာမေးပွဲအောင် အရှင်မြတ်များအား ဂုဏ်ပြုပူဇော်ပွဲတို့ကို နှစ်စဉ် ကျင်းပမြဲအတိုင်း (၁၃၇၀ပြည့်နှစ် ကဆုန်လဆန်း ၁၀ရက်) မေ၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်အတွင်းရှိ သိရီမင်္ဂလာ အနန္တဂုဏ်ရည် ငါးထပ် ကျောင်းတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ရာ ကြွရောက်ကြည်ညိုနိုင်ကြကြောင်း သိရသည်။ (က-ပ)

ဆရာတော် အရှင်ဇေဝန(မေတ္တာရှင်-ရွှေပြည်သာ) မေလဓမ္မခရီးစဉ်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် မန္တလေးကျောင်းတိုက် ဆရာတော်အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ)သည် မေ ၂ရက်တွင် သောင်ကြီး၊ ၃ရက်မှ ၄ရက်အထိ ဟသ်ာတ၊ ၅ရက်မှ ၇ရက်အထိ ပေါင်းတည်၊ ၈ရက်မှ ၉ရက်အထိ သရက်၊ ၁၁ရက်မှ ၁၃ရက်အထိ နေပြည်တော်လယ်ဝေး၊ ၁၄ရက်မှ ၁၇ရက် အထိ မြစ်ကြီးနား၊ ၁၈ရက်မှ ၂၀ရက်အထိ စစ်ကိုင်း၊ ၂၁ရက်မှ ၂၃ရက်အထိ မန္တလေး၊ ၂၄ရက်မှ ၂၅ရက်အထိ ပန်းတနော်၊ ၂၇ရက်မှ ၃၁ရက်အထိ ကော့သောင်းတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြား မည်ဖြစ်သည်။ (က-ပ)

၁၀ ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁

မူလကသစ်ဝိုင်ဓမ္မရိပ်သာကျောင်း၌ ကျေးဇူးရှင်ကသစ်ဝိုင်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တလက္ခဏ၏ တပည့်များဖြစ်ကြသော ပဲခူးမြို့ဂန္ဓာရုံကျောင်းဆရာတော် ဦးကာရည၊ ရန်ကုန်မြို့ ဓမ္မမေဒိနီကျောင်းဆရာတော် ဦးဇာနေယျ၊ ကသစ်ဝိုင်ကျောင်း ဆရာတော်ဦးနန္ဒိယ၊ ရှမ်းစုကျောင်းဆရာတော် ဦးဝေပုလ္လနှင့် နောင်ဘိုကျောင်း ဆရာတော် ဦးအာစိဏ္ဏတို့က မေ ၁၁ ရက်မှ ၂၁ ရက်အထိ တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် အဗ္ဗားနှစ်ရွာဆိုင် မူလကသစ်ဝိုင်ကျောင်းတိုက်ကြီးသို့ မေ၁၀ရက် ညနေအရောက် လာရောက်ကြရန် နိုးဆော်ထားသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၅-၂၀၀၈ ရက် (သောကြာနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ် ပဋိစ္စသမုပ္ပာဒ်တရားတော် ဆွမ်းဒကာ တိသအကြောင်း ဥပမာပြ[မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ]
၈း၀၀-၂း၀၀	သပြေကုန်းမှ ရွှေအပြုံးများ
၈း၃၅-၂း၃၅	Myanmar Video Rhythm
၉း၀၀-၃း၀၀	တေးဂီတအစီအစဉ်
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀-၃း၂၀	Man And The Elephant (Part-2)
၉း၅၅-၃း၅၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၀၀-၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀း၂၀-၄း၂၀	ဘူးခါးပေါ်မှ စိတ်ကူးလက်ရာ
၁၀း၃၀-၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅-၄း၃၅	နိဗ္ဗာန်ကိုရည်မျှော် စုပေါင်းရှင်ပြုအလှူတော်
၁၀း၅၅-၄း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀-၅း၀၀	စိတ်အားထက်သန် ဆန္ဒအမှန်
၁၁း၂၀-၅း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၁း၅၅-၅း၅၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင် ကဏ္ဍ [ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း]
၁၂း၁၅-၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀-၆း၂၀	ရွှေချစ်သူတို့အတွက် ရွှေမိတ်ဆက်ကဏ္ဍ(၃)
၁၂း၄၀-၆း၄၀	VJ Choice
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

● အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလှုံ့ဆော်ရေး ဇာတ်လမ်းတေးသီချင်းတို့တွင် ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုညစာတည်ခင်း

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ တေးသီချင်းများကို ရေးသားသီကုံးကြသူများကိုယ်စား တေးရေး၊ တေးဆို တေးသံရှင် ကိုင်ဇာအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တည်ခင်းဧည့်ခံသည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လှုံ့ဆော်ရေးဇာတ်လမ်း၊ တေးသီချင်းတို့တွင် ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်နန်းတော်ရှိ ဥတ္တရဆောင်၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုညစာ စားပွဲသို့ မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လှုံ့ဆော်ရေးဇာတ်လမ်း၊ တေးသီချင်းတို့တွင် ပါဝင်ကူညီခဲ့ကြသော ဂုဏ်ပြုခံ ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်၊ အတတ်ပညာရှင်များနှင့်အတူ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြု

ဂုဏ်ပြုညစာစားပွဲတွင် မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုအမှာစကား ပြောကြားရာ၌ နိုင်ငံတော်နှင့် ပြည်သူတို့၏ ကောင်းကျိုးကို ဖော်ဆောင်ပေးမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ၂၀၀၈ အား အတည်ပြုမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပြည်သူတစ်ရပ်လုံးသိရှိအောင် လှုံ့ဆော်ရေး ဇာတ်လမ်းများ၊ တေးသီချင်းများဖြင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသော စာပေ၊ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်၊ အတတ်ပညာရှင်များအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံ တစ်နိုင်ငံအတွက် မရှိမဖြစ် လိုအပ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ ပြည်သူတို့၏ နှလုံးသားအထိ စိမ့်ဝင်သိရှိစေရန်အတွက် လည်းကောင်း၊ ပြည်သူတို့အား မိမိတို့၏ အနာဂတ် ကံကြမ္မာကောင်းကျိုးကို ဖော်ဆောင်ပေးမည့် အခြေခံဥပဒေဖြစ်၍ ထောက်ခံဆန္ဒမဲပေးသည်အထိ အသင့်ရှိနေကြစေရန်အတွက် လည်းကောင်း လှုံ့ဆော် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသဖြင့် ယခုကဲ့သို့ ဂုဏ်ပြုပွဲကျင်းပ၍ ဂုဏ်ပြုခြင်းပင် ဖြစ်ကြောင်း။

မကြာမီကျင်းပတော့မည့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ပြည်သူတစ်ရပ်လုံးအား အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွလာစေရန် စာပေပညာရှင်များ အပါအဝင် ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များ၊

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လှုံ့ဆော်ရေး ဇာတ်လမ်းရိုက်ကူးသူ ဒါရိုက်တာ အကယ်ဒမီမောင်တင်ဦး ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။ (သတင်းစဉ်)

အတတ်ပညာရှင်များ၊ ထုတ်လုပ်သူများက ကြိုးပမ်းဖော်ဆောင်ခဲ့ကြကြောင်း၊ လှုံ့ဆော်ရေးဇာတ်လမ်းတို ခြောက်ခုကို ဒါရိုက်တာ ငါးဦး၊ ဇာတ်ညွှန်းရေးဆရာ ငါးဦးနှင့် ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင် ၉၈ဦးတို့က လည်းကောင်း၊ လှုံ့ဆော်ရေး တေးသီချင်းများကို ဂီတစာဆို ၃၈ဦးနှင့် တေးသံရှင် ၆၂ဦးတို့က လည်းကောင်း၊ အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ထုတ်လုပ်၊ ရေးသား၊ သရုပ်ဆောင်၊ သီဆိုခဲ့ကြကြောင်း၊ ဤသို့ လှုံ့ဆော်ဆောင်ရွက်မှုများကို ကြည့်ရှုနားဆင်ရသူအားလုံး နှစ်ခြိုက်လက်ခံကြပြီး နှလုံးသားတိုင် စွဲမြဲကြသည်အထိ အနုပညာအရည်အသွေးပြည့်ဝစွာ တင်ဆက်ဖျော်ဖြေနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

မကြာမီကျင်းပတော့မည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် အတည်ပြုမည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တစ်ဦး တစ်ယောက်ကိစ္စ၊ အဖွဲ့အစည်း တစ်ခု၏ ကိစ္စမဟုတ်ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားတိုင်း၏ ကိစ္စ၊ အနာဂတ်ကံကြမ္မာကို ဖန်တီးမည့်ကိစ္စ၊ အမျိုးသားရေးကိစ္စ ဖြစ်ကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကြုံတောင့်ကြုံခဲ ယခုကဲ့သို့ ကြုံကြိုက်ရချိန်တွင် ပါဝင်ကူညီဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ သမိုင်းတွင် မှတ်တမ်းတင်ပြီး ဖြစ်သွားပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ယခင် ခေတ်အဆက်ဆက်ကပင် စာပေ၊ ရုပ်ရှင်နှင့် ဂီတပညာရှင်များသည် အမျိုးသား အကျိုးစီးပွားဘက်မှ ရပ်တည်ခဲ့ကြကြောင်း၊ ကိုလိုနီခေတ်ကာလ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယခု နိုင်ငံတော် တည်ဆောက်ရေးကာလအထိ အမျိုးသား အကျိုးစီးပွားဘက်မှ ရပ်တည်ကာ သမိုင်းပေးတာဝန်ကို ကျေပွန်ခဲ့ကြသဖြင့် အားတက်ဂုဏ်ယူမိပါကြောင်း၊ အနာဂတ် အမျိုးသား အကျိုးစီးပွားအတွက် လည်း ဆက်လက်ရပ်တည် ပူးပေါင်းဆောင်ရွက်ကြပါရန် ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လှုံ့ဆော်ရေးဇာတ်လမ်း၊ တေးသီချင်းတို့တွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက **"စိတ်အားထက်သန် ဆန္ဒအမှန်"** ဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို သရုပ်ဆောင် အကယ်ဒမီ နန္ဒာလှိုင်အား လည်းကောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ တေးသီချင်းများကို ရေးသားသီကုံးကြသူများကိုယ်စား တေးရေး တေးဆို တေးသံရှင် ကိုင်ဇာအား လည်းကောင်း ပေးအပ်သည်။

ပါဝင်ကူညီ

ယင်းနောက် **"ခက်အောင်လုပ်နေကြသူများ"** ဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ခိုင်နှင်းဝေအား လည်းကောင်း၊ **"သပြေကုန်းမှ ရွှေအပြုံးများ"** ဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသော ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ပြေတီဦးအားလည်းကောင်း၊ **"ရိုဘာက ပိုကောင်းပါတယ်"** ဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မြင့်မြတ်အား လည်းကောင်း၊ **"ဒါဒို့ရွာ"** ဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်နှင့် အနုပညာရှင်၊ အတတ်ပညာရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ခင်မို့မို့အေးအား လည်းကောင်း၊ **"အမှန်ချစ်လို့ အမှန်ခြစ်စို့"** ဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် အကယ်ဒမီ စိုးမြတ်နန္ဒာအား လည်းကောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လှုံ့ဆော်ရေးတေးသီချင်းများကို သီဆိုခဲ့ကြသော ဂီတအနုပညာရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများကို ကြော်ကြာ သရုပ်ဆောင်နှင့် တေးသံရှင် နန်းဆုရတီစိုးအားလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ကြသည်။

ထို့နောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လှုံ့ဆော်ရေး ဇာတ်လမ်း ရိုက်ကူးသူ ဒါရိုက်တာ အကယ်ဒမီ မောင်တင်ဦးနှင့် လှုံ့ဆော်ရေးတေးသီချင်းများ ရေးစပ်၊ သီဆိုသူများကိုယ်စား တေးရေး တေးဆို တေးသံရှင်ကိုင်ဇာတို့က ကျေးဇူးတင်စကား အသီးသီး ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လှုံ့ဆော်ရေးဇာတ်လမ်း၊ တေးသီချင်းတို့တွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

The Live News ဂျာနယ် အမှတ်(၈၀)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၈၀)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်သည့် ဘူမိချိုင့်ဝှမ်း(၁၇)ခု မြန်မာနိုင်ငံ၌ တည်ရှိ၊ ရထားလမ်းဆက်ကြောင်းများတွင် အိန္ဒိယ သံလမ်းဂဟေဆက်နည်းဖြင့် အသုံးပြုသွားရန်စီစဉ်နေ၊ အမည်နာမ အမျိုးအစားတူ ဆေးဝါးများမှ FDA အသိအမှတ်ပြု ဆေးဝါးများကို ရှင်းလင်းစွာသိရှိစေနိုင်သည့် Myanmar Pharmaceutical Index (2008) စာအုပ် ဧပြီလနောက်ဆုံးပတ်၌ ထွက်ရှိမည်၊ အနုပညာ ပန်းဥယျာဉ်ထဲက တော်ဝင်ပန်းကလေး နိုဘယ်လ် ကျော်ကျော်၊ ကြေးမုံသုံးမျိုး၊ ဂုဏ်ရည်မတူ(၃)၊ ရန်ကုန်မြို့ကြီးက အဓိကလမ်းမကြီးများရဲ့သမိုင်းကြောင်း-သမိုင်းကို ဂုဏ်တင့်စေတဲ့ မြန်မာ့ဂုဏ်ရည်လမ်း(Culvert)၊ ဂျော်ဂျီယာမှ စစ်မီးပွား ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြတော့မလား၊ ဟားမာ့တ်အဖွဲ့၏ အပစ်အခတ်ရပ်စဲရေးကမ်းလှမ်းမှု အစ္စရေး လက်မခံ၊ ဆီးရီးယားအဏုမြူဓာတ်ပေါင်းဖိုကိစ္စ ကုလသမဂ္ဂစစ်ဆေးမည်၊ ပါကစ္စတန်အစိုးရသစ်နှင့် စစ်သွေးကြွများအကြား ငြိမ်းချမ်းရေးဆွေးနွေးလျက်ရှိ၊ အဖျားရှူးသွားတဲ့ နေတိုးတပ်ဖွဲ့တိုးချဲ့ရေး အစည်းအဝေးနှင့် ရုရှားသမ္မတပူတင်ရဲ့ တစ်ခန်းရပ်နည်းဗျူဟာသစ်၊ တက္ကစီမင်းနှင့် မိကျောင်းမင်း၊ ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း(၆၁/၆၂)၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူ မောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့ အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာ ဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ဆက်သွယ်နိုင်

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာဂီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း ၀၀၄၊ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း မိတ္ထီလာပညာရေးကောလိပ် ဆရာ၊ ဆရာမနှင့် ပညာရေးဝန်ထမ်းများအား တွေ့ဆုံ

နေပြည်တော် မေ ၁

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ဧပြီ ၂၆ရက် နံနက် ၉နာရီတွင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန မိတ္ထီလာ ပညာရေးကောလိပ်သို့ရောက်ရှိပြီး အဆိုပါ ပညာရေးကောလိပ် ပညာရတနာခန်းမ၌ မိတ္ထီလာ ပညာရေးကောလိပ် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် ပညာရေးဝန်ထမ်းများ၊ မိတ္ထီလာမြို့နယ် ပညာရေးမှူး၊ မိတ္ထီလာမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအားတွေ့ဆုံ၍ ပညာရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကံထူးရှင်များ ထွက်ပေါ်

ရန်ကုန် မေ ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေ သိန်းဆုဌာနခွဲ (၂၃၂)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျပ်သိန်း(၅၀၀)

ဂ-၉၄၇၄၆၄

ကျပ်သိန်း(၃၀၀)ဆုများ

င-၉၄၄၁၈၂	ဌ-၇၈၅၉၀၁

ကျပ်သိန်း(၂၀၀)ဆုများ

င-၇၂၆၆၆၇	ဌ-၂၂၆၀၈၀
ဝ-၆၁၆၃၉၉	ပ-၅၆၄၂၇၂

ကျပ်သိန်း(၁၀၀)ဆုများ

ခ-၇၂၇၄၀၃	င-၈၂၀၃၉၅
ဌ-၁၁၉၄၈၂	ဖ-၂၅၆၃၈၃
ဝ-၄၉၈၄၉၉	ယ-၂၃၂၉၂၆
သ-၁၁၈၄၈၂	န-၇၇၆၂၁၈
ဒ-၁၀၅၆၄၆	ပ-၉၂၄၄၂၂
ပ-၈၂၉၉၃၂	ဆ-၄၅၀၁၄၂
စ-၉၆၆၉၄၀	ဇ-၃၅၈၇၆၃
ည-၆၄၀၈၃၁	

ကျပ်သိန်း(၁၀၀)

(မင်္ဂလာစုံတွဲစနစ်) ဆုမဲများ

န-၅၈၈၄၇၉	ဘ-၁၀၀၉၄၆
စ-၄၃၇၂၉၅	တ-၂၇၅၂၁၂
ဏ-၈၅၀၈၀၆	တ-၆၆၉၅၃၀
ဖ-၃၇၉၃၅၇	ခ-၁၉၅၀၂၂
စ-၃၉၇၃၀၇	ဂ-၅၅၉၆၉၉
ဋ-၇၈၉၈၆၃	ခ-၃၃၅၁၇၆
ဖ-၉၄၄၄၈၆	ဗ-၇၈၃၉၂၃
ထ-၇၀၄၆၃၈	ည-၂၂၉၀၇၂

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ရွှေပဲသီးစားသုံးလျှင် သွေးတိုးလျော့ကျနိုင်

ရွှေပဲသီး၏အရောင်မှာ အများအားဖြင့် အစိမ်းရောင်ရှိသည်။ သို့သော် အချို့နိုင်ငံများတွင် အဖြူ၊ အနီ၊ အညိုနှင့် အနက်ရောင်များအဖြစ်လည်း တွေ့ရသည်။ ရွှေပဲသီးသည် နှစ်စဉ် နွေရာသီကာလများ၌ အပေါ်များဆုံး ထွက်ရှိသည်။



အမျှင်ဓာတ်

ရွှေပဲသီးတွင် ပါဝင်သောဓာတ်များမှာ အမျှင်ဓာတ် မင်းဂွနိစ်၊ သံဓာတ်၊ ပရိုတိန်း၊ ဖော့စပရပ်စ်၊ ကော့ပါး၊ ဗီတာမင်ဘီ-၁၊ ပိုတက်ဆီယမ်၊ ကယ်လိုရီစ်ဓာတ်တို့ ဖြစ်သည်။ အများဆုံးပါဝင်သည့် ဓာတ်များမှာ အမျှင်ဓာတ်ဖြစ်သည်။

ရွှေပဲသီး၌ အမျှင်ဓာတ် ၆၂ဒသမ ၆ရာခိုင်နှုန်း၊ မင်းဂွနိစ် ၆၀ရာခိုင်နှုန်း၊ သံဓာတ်၄၀ ရာခိုင်နှုန်းနှင့် ပိုတက်ဆီယမ် ၃၉ရာခိုင်နှုန်းတို့ ပါဝင်သည်။ ရွှေပဲသီးတွင် အဖိုးတန်ဓာတ်ပစ္စည်းများပါဝင်ခြင်းကြောင့် ကျန်းမာရေးကို လွန်စွာအထောက်အကူပြုသော ဟင်းသီးဟင်းရွက်ဖြစ်သည်။

ရွှေပဲသီးကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် ပုံမှန်စားသုံးပါက ကိုယ်လက်စထရော ကျဆင်းခြင်း၊ သွေးပေါင်ချိန်ကျခြင်း၊ နှလုံးရောဂါဖြစ်ပွားမှု လျော့ကျစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။ ရွှေပဲသီး ပုံမှန်စားသုံးသူ လူလတ်ပိုင်းအရွယ် အမျိုးသား၊ အမျိုးသမီး ၁၆၀၀၀ တို့ကို ငါးနှစ်ကြာ လေ့လာသုတေသနပြုခဲ့ရာ နှလုံးရောဂါဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရှိရသည်ဟု ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားသည်။

မြန်မာ့အလင်း မုန်တိုင်းသတိပေးချက်ဆောင်းပါး

နာဂစ်မုန်တိုင်း မြန်မာ့ကမ်းရိုးတန်းသို့ စတင်ဝင်ရောက်လျက်ရှိ ဧရာဝတီတိုင်းအတွင်းသို့ ဖြတ်ကျော်တိုက်ခတ်နိုင်

မုန်တိုင်းသတင်းတွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁

ယခုရက်ပိုင်းအတွင်း မိုးက ဆက်တိုက် ရွာနေသည်။ နေ့စဉ်ရွာသော မိုးနှင့်အတူ မုန်တိုင်းသတင်းကိုပါ ကြားရပြန်သည်။ မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်ထားသဖြင့် ပြည်သူများ မုန်တိုင်းသတင်းနှင့် ပတ်သက်ပြီး ကြိုတင်သိရှိ သတိပြုနိုင်ရန်အတွက် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်နှင့် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့မှုကို ဖော်ပြလိုက်ရပါသည်။

မြန်မာနိုင်ငံ ကမ်းရိုးတန်းကို ဝင်ရောက်တိုက်ခတ်မယ်လို့ တွက်ချက်ထားပါတယ်။

ဦးထွန်းလွင် (ညွှန်ကြားရေးမှူးချုပ်)
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

အလွန်အားကောင်း

မုန်တိုင်းဖြစ်ပေါ်မှုနှင့် ပတ်သက်ပြီး မေးမြန်းရာ **"ဒီမုန်တိုင်းရဲ့ အမည်က 'နာဂစ်' လို့ခေါ်ပါတယ်။ စတင်ဖြစ်ပေါ်နေတာကတော့ ဧပြီ ၂၇ရက်မှာ လေဖိအား နည်းရပ်ဝန်းဖြစ်တယ်။ ဧပြီ ၂၈ ရက်မှာ မုန်တိုင်းငယ်ဖြစ်ပေါ်လာပြီး ဧပြီ ၂၉ရက်မှာ အပူပိုင်းမုန်တိုင်းအဖြစ် ဖြစ်ပေါ်လာတာပါ။ အခုအချိန်မှာ အလွန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ရောက်လာပြီ ဖြစ်ပါတယ်"** ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ စတင်ရှင်းပြသည်။

နာဂစ်မုန်တိုင်းဟာ စတင်ဖြစ်ပေါ်ကတည်းက အိန္ဒိယကမ်းခြေကို တစ်ဝက်နင်းပြီး ဖြစ်ပေါ်ခဲ့ပါတယ်။ အခုအချိန်မှာ မြန်မာနိုင်ငံ ကမ်းရိုးတန်းကို စတင်ဝင်ရောက်တိုက်ခတ်နေပြီ ဖြစ်ပါတယ်"

ဦးတည်နေ

ထို့အပြင် မုန်တိုင်း၏ ရွေ့လျားမှုအနေအထားနှင့် ပတ်သက်ပြီး ပြောကြားရာတွင်လည်း မေ ၁ ရက် မွန်းလွဲပိုင်း ခန့်မှန်းတိုင်းတာမှုအရ ရခိုင်ပြည်နယ် ဂွမြို့မှ မိုင်၄၀၀အကွာသို့ ရောက်ခဲ့ပြီး အရှေ့မြောက်ဘက်ကို ဦးတည်နေသော်လည်း အရှေ့ဘက်ကို ဦးတည်မှုများနေ

ယခုရက်များအတွင်း မိုးရွာသွန်းမှုနှင့် မေ ၁ရက် မွန်းလွဲပိုင်းအထိ မိုးရွာမှု ရပ်ဆိုင်းခဲ့ခြင်းအပြင် မုန်တိုင်း၏ရွေ့လျားမှု အနေအထားများကို မေးမြန်းရာ **"အခုဖြစ်ပေါ်နေတဲ့ နာဂစ်မုန်တိုင်းဟာ အရွယ်အစား ကြီးမားပါတယ်။ ဒီမုန်တိုင်းရဲ့ အနားသပ်တွေမှာ တိမ်တန်းတွေ အတန်းလိုက် ဖြစ်ပေါ်နေပြီး ဒီတိမ်တန်းတွေ အပိုင်းလိုက် ဖြတ်သန်းချိန်တွေမှာ မိုးရွာနေတာဖြစ်ပါတယ်။ တိမ်တန်းတစ်ခုနှင့် တစ်ခုကြား ပြတ်သွားချိန်မှာ မိုးမရွာဘဲ နေပွင့်လာတာပါ၊ အခုဖြစ်ပေါ်နေတဲ့ ကြောင်း၊** ယင်းမှာ မြန်မာနိုင်ငံ ကမ်းရိုးတန်းကို ဦးတည်နေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုဖြစ်ပေါ်နေသည့် နာဂစ်မုန်တိုင်း၏ အင်အားနှင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လျှင် မည်သည့်ဒေသများသို့ ဝင်ရောက်နိုင်သည်ကို မေးမြန်းရာ **"မေ ၁ရက် ညတွင် ဟိုင်းကြီးကျွန်းကို ဖြတ်ကျော်လျက်ရှိပြီး မေ ၂ရက်အတွင်း ဧရာဝတီတိုင်း ချောင်းသာ၊ ငွေဆောင်တို့ အပါအဝင် နေရာဒေသတွေကို ဝင်ရောက် တိုက်ခတ်ပါလိမ့်မယ်။ ဒီလို တိုက်ခတ်တဲ့အခါ လေတိုက်နှုန်းက မိုင် ၁၀၀ ခန့် ရှိမှာဖြစ်တာမို့ ဒေသခံပြည်သူတွေ သတိထားရပါလိမ့်မယ်။ ကျွန်တော်တို့ ခန့်မှန်းချက်ကတော့ မေ ၂ ရက် နံနက်ပိုင်း အချိန်လောက်မှာ မြန်မာနိုင်ငံ ကမ်းရိုးတန်းကို ဝင်ရောက် တိုက်ခတ်မယ်လို့ တွက်ချက်ထားပါတယ်"** ဟုလည်း ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ရှင်းပြသည်။

ကြိုတင်ကာကွယ်

ယခုမုန်တိုင်း၏ အရွယ်အစားနှင့် မုန်တိုင်းဒီရေတက်နိုင်မှု ရှိမရှိနှင့် ပတ်သက်ပြီး ဆက်လက်မေးမြန်းရာ **"အခုဖြစ်ပေါ်နေတဲ့ နာဂစ်မုန်တိုင်းရဲ့ အချင်းဝက်က မိုင် ၁၀၀ ခန့်ရှိနေပြီး မုန်တိုင်းအတွင်းလေတိုက်ခတ်နှုန်းက တစ်နာရီ မိုင် ၁၀၀နှုန်းလောက်ရှိနေပါတယ်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် မုန်တိုင်းဒီရေ နှစ်မီတာမှ သုံးမီတာအထိ တက်ရောက်နိုင်ပြီး မုန်တိုင်းဒီရေ တက်ရောက်နိုင်တဲ့ ဒေသတွေကတော့ မုန်တိုင်းတိုက်ခတ်ရာ တောင်ဘက်ဒေသတွေပဲ ဖြစ်ပါတယ်။ ဒီမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတွေ တိုက်ခတ်နိုင်တဲ့အပြင် ရေလွှမ်းမှုတွေ ဖြစ်ပေါ်နိုင်တာမို့ ဒေသခံပြည်သူတွေ သတိရှိပြီး ကြိုတင် ကာကွယ်မှုတွေ ပြုလုပ်သင့်ပါတယ်"** ဟုလည်း ၎င်းက ဆက်လက်ရှင်းပြသည်။

ယခုမုန်တိုင်းဖြစ်ပေါ်မှုနှင့် ရွေ့လျားမှုများကို မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနနှင့် ဒေသတွင်း နိုင်ငံတကာ မုန်တိုင်းခန့်မှန်းရေး ဌာနခြောက်ခုခန့်နှင့် အချိန်ပြည့်ပူးပေါင်း ထောက်လှမ်းလျက်ရှိပြီး သတင်းအချက်အလက်များ ပေးပို့လျက်ရှိနေသည်။

ရန်ကုန်မြို့အနေအထားသည်လည်း လက်ရှိခန့်မှန်းချက်အရ မုန်တိုင်းအရှိန် ခံရနိုင်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ မိမိတို့ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနကလည်း မုန်တိုင်းသတင်းများ မပြတ်တမ်း ထုတ်ပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် မုန်တိုင်းနှင့် ပတ်သက်သောသတင်းများ သိရှိလိုပါက **ဖုန်းနံပါတ်-၆၆၀၇၇၆၆** သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း၊ မိမိတို့အနေဖြင့် ၂၄ နာရီအချိန်ပြည့် တာဝန်ထမ်းဆောင်နေပါကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ပြောကြားလိုက်သည်။

သတိပြုကြရန်

ထို့ကြောင့် မုန်တိုင်းနှင့် ပတ်သက်ပြီး ပြည်သူများ သတိပြုမိကြရန်နှင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နိုင်ကြရန်၊ ထို့အပြင် စိုးရိမ်လွန်ကဲမှုများ မဖြစ်ကြရန် တွေ့ဆုံမေးမြန်းရေးသား အသိပေးလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတွေ တိုက်ခတ်နိုင်တာမို့ ဒေသခံပြည်သူတွေ သတိရှိပြီး ကြိုတင်ကာကွယ်မှုတွေပြုလုပ်သင့်

နာဂစ် ဆိုင်ကလုန်းမုန်တိုင်း

ဘင်္ဂလားပင်လယ်အော်တွင် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းကြီး ဖြစ်ပေါ်နေသည်ကို မေ ၁ ရက် မြန်မာ စံ တော်ချိန် ညနေ ၃နာရီခွဲခန့်က မိုး လေ ဝ သ ဂြိုဟ်တုမှ ရိုက်ယူ ထား ပုံ ကို ဤသို့ တွေ့ရသည်။



ဖောင်ပိတ် မိုးလေဝသသတင်း



နာဂစ်ဆိုင်ကလုန်းမုန်တိုင်း အားကောင်းလာ

အိန္ဒိယနိုင်ငံကမ်းလွန်၌ ပြီးခဲ့သည့် ဧပြီ ၃၀ရက်က ဖြစ်ပေါ်ခဲ့သော နာဂစ်အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းသည် တဖြည်းဖြည်း အားကောင်းလာကာ အရှေ့မြောက်ဘက်သို့ (အပေါ်ပုံ) ဦးတည်ရွေ့လျားလာနေကြောင်း ပစိဖိတ်ဒေသဆိုင်ရာ မိုးလေဝသဌာနမှ မေ ၁ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

သတိပေးချက်ထုတ်ပြန်

အဆိုပါ နာဂစ်မုန်တိုင်းသည် ရွေ့လျားမှုနှုန်းနှေးသော်လည်း မုန်တိုင်းအတွင်း လေတိုက်မှုနှုန်းမှာ တစ်နာရီလျှင် မိုင် ၁၃၀ နှုန်းအထိ ပြင်းထန်လျက်ရှိသည်။ နာဂစ်မုန်တိုင်းသည် အရွယ်အစားကြီးမားပြီး အင်အားပြင်းထန်သောဆိုင်ကလုန်းမုန်တိုင်းကြီးအဖြစ် ပြောင်းလဲလာနေကြောင်း၊ မူလဦးတည်ရာ အရှေ့မြောက်မှသည် ယခုအခါ အရှေ့ဘက်သို့ ဦးတည်ရွေ့လျားနေကြောင်း တိုင်ဖွန်းမုန်တိုင်းသတိပေးမှုဌာန (ဂျေတီဒဗလျူစီ)က သတိပေးချက်ထုတ်ပြန်သည်။

နာဂစ်မုန်တိုင်းဒဏ်ခံရဖွယ်ရှိသည့်နိုင်ငံများမှာ ထိုင်းနိုင်ငံအနောက်ပိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အပါအဝင် မြန်မာနိုင်ငံတို့ဖြစ်ကြောင်း ဂျေတီဒဗလျူစီက သတိပေးထားသည်။

နာဂစ်မုန်တိုင်းကြောင့် ဘင်္ဂလားပင်လယ်အော်တွင် ပေ ၂၀ခန့်မြင့်သော လှိုင်းလုံးများ ဖြစ်ပေါ်နေကြောင်း အဆိုပါသတင်း၌ ဖော်ပြထားသည်။ (အင်တာနက်)

ဆိုင်ကလုန်းမုန်တိုင်း အားကောင်းလာ နေရာကွက်ကျား မိုးထစ်ချုန်းရွာ၍ မိုးကြီးနိုင်

နေပြည်တော် မေ ၁

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းကြီး "နာဂစ်"သည် ရခိုင်ပြည်နယ် ဂွမြို့၏ အနောက်တောင်ယွန်းယွန်း မိုင် ၃၁၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ လွန်ခဲ့သော ၁၂နာရီအတွင်းက အဆိုပါမုန်တိုင်းကြီးသည် ပိုမိုအားကောင်းလာကာ အရှေ့မြောက်ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားခဲ့သည်။ အဆိုပါမုန်တိုင်းသည် ယနေ့ညနေမှ နောက် ၁၈နာရီအတွင်း မြန်မာနိုင်ငံကမ်းခြေကို စတင်ဖြတ်ကျော်မည်ဟု ခန့်မှန်းရသည်။ အဆိုပါ မုန်တိုင်းကြီးသည် ဆက်လက်အားကောင်းလျက် အရှေ့မြောက်ယွန်းယွန်းဆီသို့ ဦးတည်ရွေ့လျားကာ မုန်တိုင်းဗဟိုချက်သည် ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် ဧရာဝတီတိုင်း မြောက်ပိုင်းဒေသအတွင်းသို့ နောက် ၃၆နာရီအတွင်း ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

တိုက်ခတ်နိုင်

ယင်းမုန်တိုင်း၏အရှိန်ကြောင့် နောက်၂၄နာရီအတွင်း ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကချင်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကြား မိုးထစ်ချုန်းရွာနိုင်ပြီး ကမ်းရိုးတန်းဒေသများတွင် အများအားဖြင့် မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀အထိ တိုက်ခတ်နိုင်သည်။

မုန်တိုင်းကမ်းခြေကို ဖြတ်ကျော်စဉ် ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် ဧရာဝတီတိုင်း မြောက်ပိုင်းကမ်းရိုးတန်းဒေသများတွင် မုန်တိုင်းဒီရေသည် ၈ပေမှ ၁၀ပေခန့်အထိ ပုံမှန်ဒီရေအမြင့်များထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။ **(သတင်းစဉ်)**

အဏ္ဏဝါသိပ္ပံ (မော်လမြိုင်) ကျောင်းသားဟောင်းများ တွေ့ဆုံပွဲ

ရန်ကုန် မေ ၁

အဏ္ဏဝါဇီဝ အဏ္ဏဝါသိပ္ပံ (မော်လမြိုင်တက္ကသိုလ်) ကျောင်းသားဟောင်းများ၏ တွေ့ဆုံပွဲကို မေ ၂၅ရက်တွင် ပြုလုပ်ရန် စီစဉ်လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဦးနေထွန်းတင် ဖုန်း-၀၉-၅၁-၂၅၅၄၊ ၀၁-၅၃၉၂၂၅၊ ၀၅၃-၂၄၆၂၁၊ ဦးစိုးအုန်းမြင့် ဖုန်း-၀၉-၅၁-၃၁၀၀၉၊ ဦးထွန်းအေး ဖုန်း-၀၁-၅၁၄၉၀၄၊ ကိုဇော်လွင် ဖုန်း-၀၉-၅၁-၈၂၈၄၁၊ ကိုဇော်ဖေ ဖုန်း-၀၉-၅၁-၃၂၄၀၇၊ ဒေါ်ခိုင်သီထွန်း ဖုန်း-၀၉-၅၁-၀၁၄၅၃၊ ဒေါ်တင်အေးကြည် ဖုန်း-၀၁-၅၄၂၂၀၆၊ ဦးမျိုးသန်းနိုင် ဖုန်း-၀၉-၈၀-၂၀၄၉၅၊ ဦးဉာဏ်ဝေထွန်း ဖုန်း-၀၁-၇၀၁၂၈၈၊ ဒေါ်မိုးသူဇာသုံ ဖုန်း-၀၉-၅၁-၄၆၆၃၅၊ ဦးကျော်သန်းဦး ဖုန်း-၀၉-၅၀-၆၁၈၃၇၊ ဦးကိုဦး ဖုန်း-၀၁-၃၈၅၃၉၈၊ ဦးအောင်နိုင် ဖုန်း-၀၉-၅၁-၈၀၀၆၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

(၂၃၂) ကြိမ်မြောက် သိန်း ၅၀၀ အထူးဆုကြီး
ဆုကြီးများကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိသွားသည့် အတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူမိပါသည်။

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သော မမကြီး **မတင်မေသန်း**၏

မေ၂ရက် ၂၀၀၈တွင် ကျရောက်သော မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် သက်ထက်ဆုံးတိုင်-

ကျက်သရေ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။

ဂုဏ်သိက္ခာ ကြီးမားစွာ ဘာသာ၊ သာသနာအကျိုးကို သယ်ပိုးနိုင်ပါစေ။

ငြိမ်းအေးချမ်းသာ ဘေးဘယာ အပေါင်း ဝေးကွာစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်ဖေဖေ - ဦးညွန့်တင် [အကြီးတန်းအကောက်ခွန်မှူး ကာကွယ်ရေး(ငြိမ်း)]
ချစ်မေမေ - ဒေါ်ကျင်သန်း
ချစ်ညီမလေး - တင်မေညွန့်(အတွတ်)
ချစ်ညီမလေး - ညွန့်ညွန့်သန်း(ပူတီး)
ချစ်မောင်လေး - မောင်မောင်စိုး(အုံ့ကူ)

ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ မိသားစု။

(၁၅)နှစ်ပြည့် မင်္ဂလာဆုတောင်း

ဦးစိန်ဝင်း-ဒေါ်ခင်မေရွှေ (ရွှေမြင့်မိုရ်ပွဲရုံနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း)တို့၏ ၂၀၀၈ ခုနှစ် မေလ ၂ ရက်တွင်ကျရောက်သော (၁၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့ သာယာစွာဖြင့် လျှောက်လှမ်းနိုင်ပါစေ။

ဒေါ်ဖိတ်တီနှင့်သားများ
ဦးတင်မြင့်-ဒေါ်ဝင်းဝင်းသန်း
ဦးသန့်ဇော်-ဒေါ်လှလှသန်း
ဒေါ်စီစီလွင်၊ တူ၊တူမများနှင့်
ဝန်ထမ်းများ။

Y.E.S.
မင်းသိင်္ခ
ကျွန်တော်ကြားဖူးသလို
ပြောဆိုပါမည်

မွေးနေ့ဆုမွန်

၁-၅-၂၀၀၈ရက်တွင် ကျရောက်ခဲ့သော ချစ်သားလေး **မောင်ကျော်ထူးဟိန်း**(D/C-Maritime Hereshio Jsm Co.,Ltd.) ၏ (၁၉)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် ထူးချွန်ထက်မြက်လိမ္မာပြီး မိဘကျေးဇူးသိတတ်သော သားကောင်းရတနာဖြစ်စေရန် ထာဝရ ဆုမွန်ကောင်းတောင်းလျက်-

ချစ်သောအဖေကြီး- ဦးတင်အောင်-**အမေကြီး**ဒေါ်သန်းသန်းရွှေ
အစ်ကိုကြီး - ကိုဝင်းနိုင် (Bosun, Wooyang Dandy Rays Shipping Co.,Ltd.)-မအိရွှေစင်ရှိန်
အစ်ကိုငယ် - ကိုဉာဏ်ထွန်းအောင် (Bosun, MT. ရေနံ့သာ)-မလေးလေးလှိုင်
အစ်မကြီး - ကိုယဉ်မင်းထွေး (JE, MV, Sky Pride Rays Shipping Co.,Ltd.)-မတင်ဇာလွင်
အစ်မလေး - ဗိုလ်မှူးသန့်စင်အောင်-မဇင်မာသက်
တူ/တူမများ-မအေးမြတ်မွန်၊ မောင်တင်ထွဋ်ဦး၊ မမွန်းပြည့်ပြည့်အောင်၊ မောင်ဘုန်းနိုင်(ခ)ဖိုးသား၊ မေနဒီ။

မွေးနေ့မင်္ဂလာဆုမွန်

၂-၅-၂၀၀၈ ရက်တွင်ကျရောက်သော ချစ်ဇနီး **ချစ်စု**၏ မွေးနေ့မင်္ဂလာမှသည် နှောင်နှစ်ပေါင်း (၁၂၀)တိုင် ချစ်သောမိသားစုနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း - ဗိုလ်ကြီးကျော်ကျော်နိုင်
သားသား - ဟိန်းနိုင်စိုး။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်ဇော်မင်းဖြိုး ၁၂/ တမန (နိုင်)၀၉၆၉၂၄ သည် မိဘဆိုဆုံးမမှုကို နာယူခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် ခွင့်မလွှတ်နိုင်သောလုပ်ရပ်ကို ဆောင်ရွက်သွားခြင်းကြောင့် ၄င်းအား ယနေ့မှစ၍ သားအဖြစ်မှ (လုံး၀)စွန့်လွှတ်လိုက်ပါသည်။ ၄င်း၏ ကိစ္စအ၀၀ကို လုံး၀တာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင်-ဦးကျော်ညွန့်
၁၂/လမန (နိုင်)၁၁၃၇၈၂။

ကျေးဇူးဆပ်ပါမည်

မချိုဝေမွန်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မှတ်ပုံတင်အမှတ် ၈/သရန (နိုင်)၀၅၆၁၇၁ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။

ဖုန်း-၆၅၂၃၆၂(ရုံးချိန်)၊ ၅၁၈၂၄၁။

မီးဘေးရှောင် မလောင်ခင်တား

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ လမ်းမကြီး၊ အမှတ်(၅၄)နေ
ဦးသာနို့အောင်-ဒေါ်ခင်ခင်အေး(ခ)ဒေါ်အေးအေး(နဝရတ်ရေစင်ဆေးဆိုင်)
တို့၏သားလတ်

မောင်အောင်မင်း(B.Dev;S)(Y.I.E)

နှင့်

စစ်တွေမြို့၊ မိဇံရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၂၁)နေ
ဦးစိန်မောင်-ဒေါ်အုန်းကြွယ်(OKဆေးဆိုင်)
တို့၏သမီးကြီး

မမယ်သူမောင် B.Sc(Physics)

တို့သည် ၂၇-၄-၂၀၀၈ရက်(တနင်္ဂနွေနေ့) နံနက်တွင် ရခိုင်ရိုးရာထုံးတမ်းစဉ်လာဓလေ့နှင့်အညီ သမက်တက် ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီး ညနေ၌ City Point Restaurant's Garden ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ခရိုင်တရားသူကြီးဦးကျင့်ဇကပ်နှင့် ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်လက်ဖွဲ့ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပန်းကြဲပေးသော မလှချမ်းဝေ၊ သတို့သားအရံ မောင်ဖြိုးသန့်၊ မောင်ကျော်ညီဆန်း၊ သတို့သမီးအရံ မအေးဆုမောင်၊ မသန္တာဇံ၊ အခမ်းအနားနှင့် ပန်းအလှပြင်ဆင်ပေးသော ဦးမောင်လှနှင့်အဖွဲ့၊ မိတ်ကပ်မသန်းရီ(သန္တာဝတ်မှုံ)နှင့် နိုင်နိုင်၊ မင်္ဂလာဝတ်စုံ သီတဂူ(သစ်ခွခြံ)နှင့် ဒေါ်ခင်အေး(စစ်တွေ)၊ ဓာတ်ပုံနှင့် ဗီဒီယို တက္ကသိုလ်ဓာတ်ပုံတိုက်နှင့် ကိုထွန်းလင်းအောင်(Morning Video)၊ City Point Restaurantမှ ဦးသိန်းလှိုင်နှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲအတွက် ဝိုင်းဝန်းပံ့ပိုးကူညီပေးကြသော ဆွေမျိုးများနှင့် သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မင်း-မမယ်သူမောင်။

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေး စစ်ဆေး

ရန်ကုန် မေ ၁

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြင့် ဦးဆောင်၍ ဦးမောင်တိတ်(လက်ထောက်အင်ဂျင်နီယာ)၊ ဦးသောင်းမြင့် (ဦးစီးအရာရှိ)၊ ဦးလှထွန်း(ဒု-ဦးစီးမှူး)၊ ဦးစံယွန်း (စက်မှုကျွမ်းကျင်-၂)၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးငွေစိုး (ဦးစီးအရာရှိ)၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ဦးခင်မောင်ဆွေတို့နှင့်အတူ ဧပြီ ၂၂ ရက် ညနေ ၅ နာရီက လားရှိုးမြို့ မန်ဆူအဝေးပြေး ယာဉ်ရပ်နားစခန်းရှိ လားရှိုး-မန္တလေး ညခရီးစဉ် ပြေးဆွဲသည့် တက်နေထွန်းမော်တော်ယာဉ်အသင်း၊ ရွှေညီနောင်မော်တော်ယာဉ်အသင်းနှင့် ကွတ်ခိုင်မန်းမော်တော်ယာဉ်အသင်းရှိ ယာဉ်မောင်း၊ ယာဉ်လိုက်များ သတ်မှတ်လိုင်စင်ပါမှု ရှိ၊ မရှိ၊ ယာဉ်ကြံ့ခိုင်မှု ရှိ၊ မရှိ တို့ကို ရှောင်တခင်လှည့်လည် စစ်ဆေးခဲ့ပြီး **(ဝဲပုံ)** ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အပါအဝင်၊ ယာဉ်မတော်တဆဖြစ်ပွားမှု လျှော့ကျရေးနှင့် စပ်လျဉ်း၍ ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(က-ပ)

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)သို့ ကင်ဆာနှန်အမျိုးအစား မိတ္တူကူးစက်လှူဒါန်း

ရန်ကုန် မေ ၁

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)သို့ မန္တလေးမြို့ ၆၇×၆၈လမ်းကြား လမ်း ၃၀နေ လီယိုကွန်ပျူတာဗီနိုင်းမိတ္တူလုပ်ငန်းပိုင်ရှင် ဦးခင်မောင်ကျော်- ဒေါ်ခင်လှမြင့် မိသားစုကငွေကျပ် ၇၀၀၀၀၀တန်ဖိုးရှိ ကင်နွန်အမျိုးအစား မိတ္တူကူးစက်တစ်လုံးကို ဧပြီ၂၄ရက် နံနက် ၁၀နာရီခွဲက အဆိုပါဆေးရုံ ဆေးရုံအုပ်ကြီးရုံးခန်း၌ လှူဒါန်းသည်။

ပြောကြား

အဆိုပါလှူဒါန်းပွဲသို့ ဆေးရုံစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုလေး၊ ဆေးရုံအုပ်ကြီးဒေါက်တာမြမောင်၊ စီမံခန့်ခွဲရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာကျော်လှနှင့် အလှူရှင်မိသားစုများတက်ရောက်ကြပြီး အလှူရှင်ဦးခင်မောင်ကျော်(လီယိုကွန်ပျူတာဗီနိုင်း မိတ္တူလုပ်ငန်း)က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဦးခင်မောင်ကျော်နှင့်သားအောင်ခန့်မောင်မောင်တို့က ကင်နွန်အမျိုးအစား မိတ္တူကူးစက်တစ်လုံးကို ပေးအပ်လှူဒါန်းရာ**(အပေါ်ပုံ)** ဆေးရုံစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာကိုလေး၊ ဆေးရုံအုပ်ကြီး ဒေါက်တာမြမောင်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာကျော်လှတို့က လက်ခံယူ၍ အလှူရှင်အား ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

(က-ပ)

သန့်ရှင်းသာယာပြီး ရာသီပန်းများဖြင့် လှပနေသော ပန်းမြို့တော်ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်များဖြင့် လေ့လာစရာစုံလင်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း - ပြင်ဦးလွင်ချစ်ဆွေ
စာမျက်နှာအပြင်အဆင် - ထိန်လင်း

ရန်ကုန် မေ ၁

ပူအိုက်သော နွေရာသီဖြစ်၍ ရေမြေ တောတောင်တစ်လျှောက် ရွက်ဟောင်းကျင်တို့ လျှောကျ၍ ရွက်ကြောနုလန် ရွက်သစ်ပြန်ကာ ကျေးသနစ်ပုံ၊ ပုရစ်စုံသည့် အချိန်လည်းဖြစ်သည်။ လေပြည်သုန်သုန် ညင်းလျက် ပန်းရနံ့ ထုံထုံသင်းသော ကာလလည်းဖြစ်သည်။နွေဧည့်သည် ကိုရွှေဥသြတို့မှာလည်း နှစ်ဦးမင်္ဂလာ တေးကို သာမောဖွယ် သံချိုနှော သောအခါလည်း ဖြစ်သည်။

ယင်းအချိန်ကာလတွင် ရန်ကုန်မြို့၌ အပူချိန် ၁၀၂၊ မန္တလေးမြို့၌ ၁၀၃၊ ပြည်မြို့၌ ၁၀၄၊ မြင်းခြံမြို့၌ ၁၀၅ စသည့်ဖြင့် အပူဒီဂရီအသီးသီး မြင့်တက်နေသည်။

ဤသို့ မြန်မာတစ်နိုင်ငံလုံး ပူအိုက်ချိန်တွင် ပြင်ဦးလွင်၏ လေသည် မပြင်းလွန်း၊ မညင်းလွန်း၊ မများလွန်း၊ မနည်းလွန်း၊ မအေးလွန်း၊ မပူလွန်း၊ အနေတော်လေးသာ သုတ်ဖြူးလေ့ရှိသည်။ ထိုလေနအေးနှင့်အတူ ပြင်ဦးလွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်အနှံ့ စိုက်ပျိုးထားသော ပန်းခင်း၊ ပန်းခြံများမှ ပန်းရနံ့များမှာလည်း ထုံသင်းပျံ့မွှေး၍ နေလေပြီ။

ဤအရသာကို ခံစားရဖူးသူတိုင်း နွေရာသီရောက်ပြီဆိုမှဖြင့် ပြင်ဦးလွင်ကို တမ်းတကြသည်၊ လွမ်းမိကြသည်၊ အရောက်လှမ်းလိုကြသည်။

၁၈၈၆ခုနှစ်တွင် မြန်မာနိုင်ငံကို နယ်ချဲ့တို့ သိမ်းယူခဲ့ကြသည်။၁၈၉၆ ခုနှစ်တွင်ပြင်ဦးလွင်ကို တောင်စခန်းမြို့အဖြစ် တည်ဆောက်ရန် ဆုံးဖြတ်ခဲ့သည်။ ၁၈၉၇ခုနှစ်တွင် ပြင်ဦးလွင်ကို မေမြို့ဟု အမည်ပြောင်းခဲ့သည်။ ထိုသို့ မေမြို့ကို တောင်စခန်းမြို့ အဖြစ်တည်ထောင်ရာတွင်ပြင်ဦးလွင်ကို အလှပန်းဆင်ရန် အထောက်အကူ ပြုစေမည့် အစိုးရ ရုက္ခဗေဒဥယျာဉ်(Government Botanical Garden) နှင့် ကန်တော်ကြီးကို ၁၉၁၇ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း သိရသည်။

တစ်ဆက်တည်းမှာပင် မြန်မာပြည်ကို စီရင်အုပ်ချုပ်သော အင်္ဂလိပ်ဘုရင်ခံအဆက်ဆက် နွေရာသီမတ်၊ ဧပြီ၊ မေ၊ ဇွန်၊ လများတွင် မေမြို့၌ အပန်းဖြေအနားယူရင်း တိုင်းပြည်ကို စီရင်အုပ်ချုပ်ခဲ့ကြလေသည်။ ထို့ပြင် မြန်မာပြည်ရောက် ဥရောပတိုက်သားများကလည်း နွေရာသီတွင် အပန်းဖြေအနားယူရန်နှင့် အမြဲတမ်းနေထိုင်ရန်အတွက် ဥရောပဆန်သော အဆောက်အအုံအများအပြားကို ကျယ်ဝန်းသော တောင်ကုန်းများပေါ်တွင် ပန်းခြံများနှင့်အတူ တည်ဆောက် နေထိုင်ခဲ့ကြသည်။

သို့သော် မြန်မာများအဖို့ မေမြို့သို့ လာရောက်ပြီး အပန်းဖြေ အနားယူရန် အခြေအနေမပေးခဲ့ပေ။

လွတ်လပ်ရေး ရရှိပြီးနောက် မြန်မာများအဖို့ ပြင်ဦးလွင်သို့ တစ်စတစ်စ အရောက်အပေါက်များလာကြသည်။ သို့သော် ဒုတိယကမ္ဘာစစ်ဒဏ်၊ ပြည်တွင်းစစ်ဒဏ်၊ နိုင်ငံရေးမတည်ငြိမ်မှုဒဏ်ခံခဲ့ရသဖြင့် ပြင်ဦးလွင်၏ တိုးတက်ဖွံ့ဖြိုးမှုမှာ နှေးကွေးခဲ့ရသည်။

၁၉၈၉ခုနှစ် နိုဝင်ဘာလ ၁ရက်နေ့စွဲဖြင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်၊ ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာဖြင့် မေမြို့နှင့်မြို့နယ်ကို ပြင်ဦးလွင်မြို့နှင့် မြို့နယ်ဟု ပြောင်းလဲပြင်ဆင် သတ်မှတ်ခဲ့လေသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြင်ဦးလွင်မြို့နှင့် ဒေသတစ်ဝန်းလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းစိုပြည်သာယာလှပရေး၊ အများပြည်သူလူထု အပန်းဖြေ အနားယူရာတွင် ရွှင်လန်းချမ်းမြေ့စေရန်အတွက် ပန်းမြို့တော်အဖြစ် တည်ထောင်ရန်လမ်းညွှန်မှုပေးခဲ့သည်။

ထိုသို့လမ်းညွှန်မှုနှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြင်ဦးလွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၏ နေ့မအား ညမနား ကြိုးပမ်းအားထုတ်မှုကြောင့် ယနေ့ဆိုလျှင် ပြင်ဦးလွင်မြို့သည် မြန်မာပြည်တွင် အသန့်ရှင်းဆုံးသောမြို့၊ အလှပန်းများ ဆင်ထားသော ပန်းမြို့တော်အဖြစ်သို့ ရောက်ရှိနေပေပြီ။

ပြင်ဦးလွင်သို့ စတင်မဝင်ရောက်မီ ဇိနမာန်အောင် လွပ်လပ်ရေးအောင် စေတီကို နောက်ခံထားပြီး နှစ်လမ်းသွားလမ်းထိပ်တွင် ကြွေပြားအစိမ်းရောင် နောက်ခံပေါ်တွင် ရွှေရောင်စာလုံးဖြင့် "ပြင်ဦးလွင် (Pyin Oo Lwin) ၃၅၃၈ပေ"ဟု ရေးထိုးထားသည့် ကမ္ဗည်းမုခ်ဦးကို သရက်ထည်၊ ဒေါင်းဖန်ဝါ၊ ပင်စိမ်းနီ၊ ပင်စိမ်းခရမ်း၊ ပင့်ကူ၊ နှံပန်း၊ ချစ်တီး၊ ကျားပါးစပ် စသည့် ရာသီပန်း ရောင်စုံတို့ဖြင့် ဆေးရောင်စုံ ခြယ်သထားသကဲ့သို့ ရင်သပ်ရှုမောဖွယ်ရာ ပန်းမြို့တော်၏ အစကို ထိတွေ့ ခံစားကြရမည်ဖြစ်သည်။ ထိုမှတစ်ဆင့်မြို့အဝင် ပတ္တမြားကျောင်းရှေ့၊ မန္တလေး - လားရှိုး လမ်းမကြီးနှင့် နောင်တစ်ခေတ် အောင်စစ်သည်တို့၏ စစ်တက္ကသိုလ်သို့သွားရာ နန်းမြိုင်လမ်းထောင့်တွင် ကျွန်းသားဖြင့် မြန်မာမှုစာလုံးဖြင့် ရေးထိုးထားသော "ပြင်ဦးလွင်" အမှတ်အသား မှတ်တိုင်ကို ဘုံဆင့်ပန်းခုံဖြင့် ဆင်မြန်းထားသည်မှာလည်း တစ်မူထူးခြားလှပေသည်။

ထို့ပြင်ထင်ရှားသည့် လမ်းဆုံလမ်းခွများဖြစ်သော၊ ဓာတ်ဆီဆိုင်အဝိုင်းကြီး၊ ဘူတာလမ်းနှင့် လားရှိုးလမ်းဆုံ၊ ဘူတာလမ်းနှင့် စစ်ဆေးရုံလမ်းဆုံ၊ ဈေးလေးအနီး မြို့ပတ်လမ်းနှင့် လားရှိုးလမ်းဆုံအဝိုင်းကြီး၊ ဇီဝကလမ်းနှင့် စန္ဒာလမ်းဆုံ၊ မြို့ပတ်လမ်း၊ စန္ဒာလမ်း၊ လမ်းသာယာနှင့် နန္ဒာလမ်းဆုံ အဝိုင်းကြီးတို့တွင် ပန်းပေါင်းစုံဖြင့် အလှပန်းဆင်ထားပုံ၊ မြို့ပတ်လမ်းအပါအဝင် မြို့ပေါ်အနှံ့ ထင်ရှားသည့် လမ်းကြီး လမ်းငယ် အသွယ်သွယ်၏ ဘေးဝဲယာ တစ်ဖက်တစ်ချက်တွင် ရာသီပန်းရောင်စုံနှင့် နှစ်ရှည်ပင်များဖြစ်သည့် ချယ်ရီပန်း၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ငုရွှေဝါ၊ ထင်းရှူး အစရှိသည့် ပန်းပင်များဖြင့် စီရရီ စိုက်ပျိုးထားသဖြင့် ပြင်ဦးလွင်သို့ လာရောက် အပန်းဖြေသူများအတွက် ပျော်ရွှင်ချမ်းမြေ့လျက်ရှိသည်။

ယခုအခါ ပြင်ဦးလွင်သို့ အပန်းဖြေရန် ရောက်ရှိနေကြသည့် ပြည်တွင်း၊ ပြည်ပဧည့်သည်များမှာ မည်သည့် ခေတ်အခါကနှင့်မျှမတူ အထူးတလည်စည်ကား၍ နေပေပြီ။ဧည့်သည်များသည် ပန်းမြို့တော်အနှံ့ စိုက်ပျိုးထားသော ပန်းခင်းများ၊ အမျိုးသား ကန်တော်ကြီးဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ပွေးကောက်ရေတံခွန်၊ ပိတ်ချင်းမြှောင်၊ အနီးစခန်း ဓာတ်တော်ချိုင့်စသည့် ဒေသသို့သွားရောက်လေ့လာပြီးအပန်းဖြေအနားယူလေ့ရှိကြသည်။

"ကျွန်မတို့မြို့တော်နာမည်ကျော်၊ ငါးမည်ရမြို့တော်၊ တချို့က ခေါ် ပြင်ဦးလွင် တဲ့နော်၊ ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်းသုံးထောင်ကျော်"ဟုအစချီပြီး ချိုမာလေး သီဆိုသည့် "ငါးမည်ရမြို့တော်"သီချင်း-

"သရုပ်ကမပီ နေခြည်ဆောင်းအတွင်းပန်းချီ၊ ဒုဋ္ဌဝတီ ရေကြည်ချောင်းကလေးသည်၊ ဟိုအဝေးဝယ် ကွေ့ကောက်ပြီး စီးဆင်းနေသည်။ တောင်လေ့ကားအထက်ဝေဆီ၊ မောင်ရေအသွားဆက်နေသည်၊ ထင်းရှူးနှင့် ချယ်ရီမြိုင် လှိုင်လှိုင်ပွင့်တဲ့ စိန်ပန်းပြာ ပန်းမြို့တော်ဆီ" ဟု အစချီပြီး မြင့်မြင့်စိန် သီဆိုသည့် "တောင်လှေကားမြို့တော်"သီချင်း-

"ချစ်သူရှိရာနှင်းမှုံမြို့တော်ရယ်၊ တောင်လှေကားလို့အမည်တွင်တယ်၊ သာယာပုံဆန်းသတဲ့ကိုလှမ်းလို့လာချင်တယ်ကွယ်၊ ကိုယ့်ကိုချစ်တဲ့သူရယ် မျှော်နေစမ်းကွယ်၊ တောင်လှေကားမြို့တော်ဝယ်"အစချီပြီး အဆိုတော် မျိုးမြင့်လေး သီဆိုသည့် "တောင်လှေကားမြို့ကို ကိုယ်လာမယ်" သီချင်း-

လွန်ခဲ့သော နှစ်ပေါင်း၃၀ခန့်မှစ၍ ယနေ့အထိ လူတိုင်း၏ ပါးစပ်ဖျားတွင် သီဆိုနေကြသော ထိုသီချင်းသုံးပုဒ်ကိုလည်း ယခုလို နွေရာသီရောက်ပြီဆိုမှဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ မကြာခဏ ထုတ်လွှင့်ပေးနေသဖြင့် ပြင်ဦးလွင်သို့သွားရောက် အပန်းဖြေ အနားယူရန် စေ့ဆော်လှုံ့ဆော်ပေးနေသလို ဖြစ်နေသည်။ ယခုအခါ နေ့စဉ်နှင့်အမျှ ပြင်ဦးလွင်မြို့သို့ ခေတ်မီကားကြီးကားငယ် အသွယ်သွယ်တို့ဖြင့် အနယ်နယ်အရပ်ရပ်မှ ဝင်ထွက်သွားလာနေကြသည့် ခရီးသည်ပေါင်းမှာ ထောင်နှင့်ချီ၍ရှိနေသည်။ ပြင်ဦးလွင်ကား စည်ကားလှပါပေ၏။ ပြင်ဦးလွင်တွင် အပန်းဖြေအနားယူသူများအတွက် ခေတ်မီဟိုတယ်နှင့် တည်းခိုခန်းပေါင်း ၄၀ ကျော်မျှ ရှိသည်။ ဆောက်လုပ်ဆဲဟိုတယ်နှင့် တည်းခိုခန်းများလည်း ရှိသည်။ ဤသို့ ဟိုတယ်နှင့် တည်းခိုခန်းများ ပြင်ဦးလွင်တွင် ဖွံ့ဖြိုးတိုးတက်လာနေခြင်းမှာ ပြင်ဦးလွင်ကို ပန်းရောင်စုံတို့ဖြင့် အလှပန်း ဆင်ထားနိုင်မှုသည်လည်း အကြောင်းအရာတစ်ခုဟုဆိုလျှင် မှားအံ့မထင်ပါချေ။ ။

ပြင်ဦးလွင်အဝင်မုခ်ဦး၏ ခံ့ညားထည်ဝါမှု။

နေ့စဉ်နှင့်အမျှ ပြင်ဦးလွင်မြို့သို့ ခေတ်မီကားကြီးကားငယ် အသွယ်သွယ်တို့ဖြင့် အနယ်နယ်အရပ်ရပ်မှ ဝင်ထွက်သွားလာနေကြသည့် ခရီးသည်ပေါင်းမှာ ထောင်နှင့်ချီ၍ရှိနေ။

စက်သုံးဆီဆိုင်အဝိုင်းကြီးအနီး၌ ပြင်ဦးလွင်အမည်ကို ပန်းမန်ဖြင့် ဤသို့အလှဆင်ထားသည်။

ပြင်ဦးလွင်ဘူတာလမ်းနှင့် လားရှိုးလမ်းထောင့်မှ ပန်းခြံ၏ပသာဒ။

မြို့ပတ်လမ်း၊ စန္ဒာလမ်း၊ လမ်းသာယာနှင့် နန္ဒာလမ်းဆုံ အဝိုင်းကြီးမှ ပန်းစကြာပုံစံဖော် ပန်းခုံ၏မြင်ကွင်း။

သာယာဝတီမြို့၌ စုပေါင်းရှင်ပြုပွဲနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

သာယာဝတီ မေ ၈

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် သုံးဆယ်မြို့ မြို့မအခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဦးဆောင်၍ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်း အကျိုးတော်ဆောင်များနှင့် အလှူရှင်များ ပူးပေါင်း၍ ကျောင်းသား ၂၆ဦးတို့အား မတ် ၃၀ရက်က စုပေါင်းရှင်ပြုပွဲ ကျင်းပပြီး **(ယာပုံ)** ရှင်သာမဏေ ၂၆ပါး တို့ကို သုံးဆယ်မြို့ တက္ကသိုလ် ဂုဏ်ရည်ကျောင်းတိုက် ဆရာတော် ဦးဥတ္တမက ဦးစီး၍ ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၃၁ရက်မှ မေ ၂၉ရက်အထိ ဖွင့်လှစ်သင် ကြားခဲ့သည်။

စုပေါင်းရှင်ပြုပွဲနှင့် ယဉ်ကျေးလိမ္မာ သင်တန်းအတွက် သာယာဝတီခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီး ကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသက်ခိုင်က အလှူငွေကျပ် သုံးသောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝေက လက်ခံယူခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့ရိုးရာ ဖက်ကတော့ထိုးသင်တန်း မန္တလေး၌ဖွင့်

မန္တလေး မေ ၂၀

မန္တလေး အောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ မြန်မာ့ရိုးရာ ဖက်ကတော့ထိုး သင်တန်းဖွင့်ပွဲကို မေ ၄ရက်က ၂၃လမ်းနှင့် ၈၄လမ်းထောင့် အသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေတာဝန်ခံ ဒေါ်မြင့်မြင့်ဦး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေတို့က အမှာစကားပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ထွေးထွေးနိုင်က မြန်မာ့ရိုးရာဖက်ကတော့ထိုးနည်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

သင်တန်းပို့ချ

ထို့နောက် တက်ရောက်လာကြသော သင်တန်းသူများကို မြန်မာ့ရိုးရာဖက်ကတော့ထိုးနည်းများ ဆက်လက် သင်တန်းပို့ချကြောင်း သိရသည်။ (၀၉၀)

အမြို့မြို့ အနယ်နယ် သတင်းများ

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးနှင့်ညီညွတ်ရေး ခြင်နှိမ်နင်း

ရန်ကုန် မေ ၃၀

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် မြို့နယ်အင်ဂျင်နီယာမှူးဦးမျိုးဝင်းတို့သည် စည်ပင်သာယာရေးအဖွဲ့(ရုံးချုပ်)၏ ညွှန်ကြားချက်နှင့်အညီ ဈေးဝန်ထမ်းများလိုက်ပါလျက် မေ ၂၆ရက်က မော်လမြိုင်မြို့ပေါ်ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် မြိုင်ရတနာ လေးထပ်ဈေး၊ အမှတ်(၁)ဈေး၊ အမှတ်(၂) ဈေးနှင့် သံလွင်ဈေးရှိ ဈေးသူဈေးသားများ၊ ဈေးဝယ်သူများ ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ ခြင်နှိမ်နင်းရေး ဆေးများဖြန်းဖြူးမှု **(အပေါ်ပုံ)** ဈေးပတ်ဝန်းကျင်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် အမှိုက်သရိုက်များ သတ်မှတ်ထားသည့်နေရာတွင် စွန့်ပစ်ရေး၊ ဈေးများသန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှု စစ်ဆေးကြသည်။

ဖြန့်ဖြူး

ဆက်လက်၍ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးနှင့် မြို့နယ်အင်ဂျင်နီယာမှူးတို့သည် မော်လမြိုင်မြို့ပေါ်ရှိ ရပ်ကွက်အသီးသီးသို့ ဖြန့်ဖြူးလျက်ရှိသည့် သောက်သုံးရေပိုက်လိုင်းများ အခြေအနေနှင့် လမ်းများကတ္တရာခင်းခြင်း၊ မြေဖို့ခြင်း၊ ကျောက်စုဆောင်းထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောက်ချောလမ်း

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း နောင်ပိန်-ထန်းတပင်-မော်မာ ကျောက်ချောလမ်း ဆောင်ရွက်နေမှုကို မတ် ၂၈ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

ရေးမြို့၌ အရန်သားဖွား သင်တန်းဆင်း

ရေး မေ ၁၀

မွန်ပြည်နယ် ရေးမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၃ရက်မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မိုမိုထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်နန်းယဉ်မေဝင်းနှင့် အသင်းဥက္ကဋ္ဌဒေါ်ခင်မိုမိုထွန်းတို့က သင်တန်းသူ ၁၀ဦးအား သင်တန်းဆင်း လက်မှတ်နှင့် သားဖွားပုံးများ ပေးအပ်သည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး တာချီလိတ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ညှိနှိုင်း

တာချီလိတ် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် တာချီလိတ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၂၈ ရက် နံနက် ၉ နာရီက တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းမြင့်က အမှာစကား ပြောကြားပြီး တက်ရောက်လာကြသော ကော်မရှင်အဖွဲ့ခွဲဝင်များက လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌက နိဂုံးချုပ် စကားပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် ကော်မရှင်အဖွဲ့ခွဲဝင်များသည် ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ အောင်မြင်စွာကျင်းပရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရပ်များကိုကွင်းဆင်း စစ်ဆေး ကြည့်ရှုကြသည်။ (၀၁၆)

ကျေးရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မြင်းခြံမြို့ အေးမြသီတာဈေး မီးငြိမ်းသတ်မှုသရုပ်ပြ

မြင်းခြံ မေ ၁၉

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြသီတာဈေးတွင် မတ် ၆ရက်က ဈေးများမီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကို အပေါ့စားရေစုပ်စက်ဖြင့် မီးငြိမ်းသတ်မှုသရုပ်ပြသရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးမြင့်လွင်နှင့် ခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမောင်တင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြပြီး ဈေးသူဈေးသားများနှင့် ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်အင်အား ၅၀၀ကျော် တက်ရောက်ကြသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ပဲခူးမြို့မဈေးကြီးဆန်လှူအသင်း ဆွမ်းဆန်တော်ရေစက်ချအလှူပွဲကျင်းပ

ပဲခူး မေ ၁၅

ပဲခူးမြို့ ဈေးကြီးဆန်လှူအသင်းကြီး၏ အကြိမ် (၃၀)မြောက် ဆွမ်းဆန်တော် ရေစက်ချအလှူမင်္ဂလာပွဲကို မေ ၆ရက်မွန်းတည့် ၁၂နာရီက ဆန်လှူအသင်းတိုက် မဏ္ဍပ်အဆောက်အအုံ၌ ကျင်းပသည်။

ချီးမြှင့်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ပဲခူးမြို့မ စာသင်တိုက် ပဓာနနာယကဆရာတော်ကြီးနှင့် တကွ ပင့်ဖိတ်ထားသောဆရာတော်ကြီးများနှင့် သံဃာတော်များကြွရောက် ချီးမြှင့်ကြသည်။

ဆုဖလား

အဆိုပါအလှူမင်္ဂလာပွဲတွင်(၂၉)ကြိမ်မြောက်အတွက် ငွေပင်ငွေရင်းလှူဒါန်းမှု အများဆုံးရှိသော သင်းထောက်ခွဲများ၊ ဆွမ်းဆန်တော်လှူဒါန်းမှုစာရင်းအရဆုရရှိသော သင်းထောက်ခွဲများနှင့် မဲပေါက်၍အထူးဆုရရှိသော သင်းထောက်ခွဲများအား ဆုဖလားများချီးမြှင့်ခဲ့ကြောင်းသိရသည်။ (၀၆၈)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကန့်ဘလူ၌လက်တွေ့သရုပ်ပြ ရှင်းလင်း

ကန့်ဘလူ မေ ၁၅

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲ အခမ်းအနားကို မေ ၈ ရက်ညနေ ၄နာရီက စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ မြို့နယ် ရဲတပ် ဖွဲ့မှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယ ရဲမှူးထွန်းသာ၊ စခန်းမှူးရဲအုပ် သန်းဌေးအောင်၊ အမှတ် ၂ ရပ်ကွက်ဥက္ကဋ္ဌဦးသန်းဇော်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင်၊ ရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင် မိသားစုများနှင့် မီးသတ် တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယ ရဲမှူးထွန်းသာ၊ မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင်တို့ကမီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး သဘောတားနှင့်လုပ်ငန်းများကို ဆွေးနွေး ဟောပြောကြပြီး မီးသတ် ကိရိယာများအသုံးပြု၍ မီးငြိမ်းသတ် နည်းတို့ကို မီးသတ်ကိရိယာများဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်း ဆွေးနွေးဟောပြောကြကြောင်း သိရသည်။ *(၀၂၇)*

ဗိုလ်တထောင်မြို့နယ် လမ်း ၅၀နေ ဦးဝင်း-ဒေါ်ကြင်မွှံမိသားစုက ရန်ကင်းပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် ငွေကျပ် နှစ်သိန်းလှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ပြင်ဦးလွင်ခရိုင်ပြန်/ဆက် ဝန်ထမ်းများတွေ့ဆုံဆွေးနွေး

ပြင်ဦးလွင် ဧပြီ ၁၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ပြင်ဦးလွင်ခရိုင်ရုံးသို့ မတ် ၂၄ ရက် နံနက် ၁၁ နာရီက ရောက်ရှိလာပြီး ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ကျင်းပသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ပေးအပ်သည့်တာဝန်ကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကျေပွန်စွာ ထမ်းရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဘိုးဘွား၊ မိဘနှင့် ခင်ပွန်း ဦးဆာမိတို့အားရည်စူး၍ရန်ကုန်တိုင်း ကန်တော်ကလေး ခြောက်လွှာ ၉၃လမ်း အမှတ်၁၀၁ နေ ဒေါ်ခင်ရှိန်မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်း တိပိဋကဆရာတော်ကြီး၏ တိပိဋက ရွှေရတု ကျောင်းတော်ကြီး အတွက် အလှူတော် ငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပုသိမ် ပြည်တွင်း ကုန်တင်ကုန်ချမိသားစု စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ

ပုသိမ် ဧပြီ ၁၇

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး ဦးစီးအရာရှိ ဗိုလ်ကြီးကျော်ထွန်း(ငြိမ်း) မိသားစုနှင့် ကာယအလုပ်သမား မိသားစုတို့၏ ပဉ္စမအကြိမ်မြောက် စုပေါင်းရဟန်းခံ ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ ၁၁ ရက်က ပုသိမ်မြို့ မရမ်းချိုပရိယတ္တိစာသင်တိုက်အတွင်းရှိ သိမ်ဓမ္မာရုံ၌ ကျင်းပရာ ပင့်သံဃာ ၁၅ ပါး၊ ဒုလ္လဘရဟန်း ၃၈ ပါးနှင့် ရှင်သာမဏေ သုံးပါးတို့အား သိမ်ဆင်း လောင်းလှူကြသည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် ဧပြီ ၁၂ ရက် နံနက် ၉ နာရီက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မရမ်းချို ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနဆရာတော်မဟာဂန္ထဝါစကဘဒ္ဒန္တသောဘိတထံမှ ရေစက်ချတရားနာယူပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ (က-ပ)

မေလပညာဒါနသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း တာမွေမြို့နယ် (က/ဂ)ရပ်ကွက် ၁၅၄ လမ်းထိပ် ကင်းဘဲလမ်းမှတ်တိုင် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးအနီးရှိ မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက်ကြီးတွင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသြဘာသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကြီးမှူး၍ ပညာဒါနဆရာတော်အရှင်ဝိဓေ B.Comက တာဝန်ယူကာ အဆင့်မြင့် အင်္ဂလိပ်စကားပြော အထူးသင်တန်းကို မေ၃ရက်နှင့် ၄ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းမှာ စနေ၊ တနင်္ဂနွေ နှစ်ရက်တက်သင်တန်းဖြစ်ပြီး တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများနှင့် ဘွဲ့ကြို၊ ဘွဲ့ရ၊ ဘွဲ့လွန် ဝန်ထမ်းများ တက်ရောက်နိုင်ကြသည်။ အသေးစိတ် သိလိုပါက ဖုန်း ၀၉-၂၀-၄၅၂၆၀နှင့် ၅၄၅၅၂၄ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်း ဗဟန်း ၃လမ်းမှတ်တိုင်အနီးတွင် မိဘနှစ်ပါး ဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးအေးကို(ငြိမ်း)-ဒေါ်မိမိလေးတို့အား ရည်စူး၍ အမှတ်၁၈ ကမ္ဘောဇလမ်း ရွှေတောင်ကြား (၁)ရပ်ကွက် ဗဟန်းမြို့နယ်နေ သားကြီး ဦးခင်မောင်ဆန်း-ဒေါ်ခင်မာလာ၊ မြေးကြီး ဇော်မျိုးဆန်း၊ စန္ဒာခင်မောင်အေး၊ မြေးငယ် ဝေလင်းဆန်း၊ မြစ် အေးရည်မွန်(ခ)မျုးပိုမိုမိသားစုက ပထမအကြိမ် ငွေကျပ်ငါးသောင်း၊ ဒုတိယအကြိမ် ငွေကျပ်ခြောက်သောင်းတစ်ထောင်နှင့် တတိယအကြိမ် ငွေကျပ်တစ်သိန်းတို့ကို အတွင်းရေးမှူးဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြို့နယ် သတင်းများ

ယာဉ်မောင်းများစည်းကမ်းလိုက်နာမောင်းနှင်ရေး လမ်းစည်းကမ်းပညာပေး စာစောင်များဖြန့်ဝေ

ပြည် ဧပြီ ၁၀

ပြည်အဝေးပြေး ယာဉ်ရပ်နားစခန်းအတွင်းရှိတိုင်း (မထသ)ရုံး အစည်းအဝေးခန်းမတွင် မတ် ၁၄ရက်က ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းဦးစီးမှူး ဦးခင်မောင်ကြီး၊ ဒုတိယညွှန်ကြားရေးမှူး ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲမှူးမြတ်ဦး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ တိုင်းဦးစီးမှူးဒေါ်ရင်ရင်မြ၊ ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်း (မထသ) အတွင်းရေးမှူးဦးနေဦးတို့က ယာဉ်တိုက်မှုများနှင့် ပတ်သက်၍ ယာဉ်မောင်းများ စည်းကမ်းလိုက်နာ ထိန်းသိမ်းမောင်းနှင်ရေးတို့ကို ပညာပေးဟောပြောကြပြီး လမ်းစည်းကမ်း ပညာပေးစာစောင်များကို တက်ရောက်လာသူများအား ဖြန့်ဝေပေးကြသည်။ (၀၅၉)

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၁

ဆောက်လုပ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ ပညာဒါနပြုလိုသူ အလှူရှင်နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးသိန်းဟံ(မဟာသိပ္ပံအထွေထွေအတွင်းရေးမှူး)-ဒေါ်ခင်မာကြူ မိသားစု ၁၄ မြို့ပတ်လမ်း ပုသိမ်ညွှန့်ရပ်ကွက် တာမွေမြို့နယ်က မဟာသိပ္ပံ အဆောက်အအုံဆောက်လုပ်ရန် အလှူငွေကျပ်တစ်သိန်းငါးသောင်းကို ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ သီတဂူဓမ္မဗိမာန်တော်တွင် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံဥက္ကဋ္ဌ၊ ဒုတိယပါမောက္ခချုပ် (အငြိမ်းစား) သံအမတ်ကြီးဦးမြသန်းထံ ပေးအပ်လှူဒါန်းခဲ့ရာ မဟာသိပ္ပံဥက္ကဋ္ဌက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင်အား ပြန်လည်ပေးအပ်သည်။(အောက်ပုံ)

ဗုဒ္ဓအဘိဓမ္မာကမ္ဘာသို့ပြန့်ပွားရေးအတွက် ပညာအလှူ လှူဒါန်းလိုသော စေတနာရှင်များသည် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ(I.I.A)တွင် အဘိဓမ္မာကျမ်းစာအုပ်များအတွက်သော်လည်းကောင်း၊ မဟာသိပ္ပံအဆောက်အအုံ ဆောက်လုပ်ရန်အတွက်သော်လည်းကောင်း၊ မဟာသိပ္ပံဘက်စုံရန်ပုံငွေအတွက်သော်လည်းကောင်း၊ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း အမှတ်(၂၉၅-၂၉၇)ရှိ သာခုကာရီမ္မော်ရုံ ဖုန်း-၂၅၄၁၀၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝိုင်းဝန်းစိုက်ထူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက်က ပဲခူးတိုင်း ပဲခူးခရိုင် ပဲခူးမြို့နယ် ရန်ကုန်-မန္တလေးလမ်း ရုံးကြီးရပ်ကွက်လမ်းဆုံတွင် ကျင်းပရာ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းစိုက်ထူစဉ်။ (ခရိုင်ပြန်/ဆက်)

ဖြူးမြို့၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူ

ဖြူး ဧပြီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက်ပိုင်းက တောင်ငူခရိုင် ဖြူးမြို့နယ်၌ ကျင်းပသည်။

စိုက်ထူ

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာများကို ဖြူးမြို့အဝင် ဖြူးချောင်းတံတားထိပ် သာသနာ့ဗိမာန်ရှေ့နှင့် ဖြူးမြို့ဘူတာရုံရှေ့၌ လည်းကောင်း စိုက်ထူကြရာ ''မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း၊ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း၊ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ သြဇာခံအဖြစ်ကို မလိုလားသူတိုင်း၊ နယ်ချဲ့ကြိုးဆွဲရာ ကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့''၊ ''မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်၊ အခြေခံဥပဒေမူဖြင့်သာ ဒီမိုကရေစီရနိုင်သည်''၊ ''ဒို့ အနာဂတ် ဒို့ဖန်တီးဖို့၊ အခြေခံဥပဒေ အတည်ပြုစို့''ဟူသော မြေစိုက်ပိုစတာများကို ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ဝိုင်းဝန်းစိုက်ထူကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဧပြီ ၁၃ ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မင်းဘေး-သပြေ-သစ်ချိုကျေးလက် မြေသားလမ်းခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်း ကြီးကြပ်ဆောင်ရွက်ရာ တာဝန်ခံ အင်ဂျင်နီယာ လက်ထောက် အင်ဂျင်နီယာ ဦးအောင်မြင့်သန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း • •

❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း • •

❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း • •

❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားသူတိုင်း • •

❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း • •

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

ထောက်ခံမဲပေးစို့လေ

တစ်ဦးချင်းအကျိုး မမျှော်ကိုးဘဲ
တစ်မျိုးသားလုံးအရေး ပိုင်ပိုင်တွေးလျက်
ရေးဆွဲခဲ့ပေ အခြေခံဥပဒေ
သူ့ကျွန်တစ်ဖန် မဖြစ်ဖို့လေ။
ထောက်ခံမဲကို ပေးစို့လေ။ ။

လှိုင်

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူရာဒက်(ဂျ်)အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂါရဝပြုတွေ့ဆုံ

နေပြည်တော် မေ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဧပြီ ၃၀ရက် ညနေ ၅နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကျစ်လဒါး (Chitralada)နန်းတော်သို့ သွားရောက်၍ ထိုင်းနိုင်ငံ ဘုရင် မင်းမြတ် ဘူမိဘော အဒူရာဒက်(ဂျ်)အား ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးရဲဝင်းနှင့် အစိုးရအဖွဲ့ရုံး *စာမျက်နှာ ၃ ကော်လံ ၅* ❒

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဂါရဝပြု

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကျစ်လဒါး (Chitralada) နန်းတော်၌ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူရာဒက်(ဂျ်)အား ဂါရဝပြု တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)